


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ပြဿနာတစ်သောင်းကျွတ်တမ်းဝင်ပုံ

(ဗကပြဿနာကြီး)

(၁၀၄)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဗြဟ္မာတစ်သောင်း ကျွတ်တမ်းဝင်ပုံ

( ဗကဗြဟ္မာကြီး )

ဒကာဒကာမတို့၊ အခုတရားနာနေတာဟာ အသုဘခန္ဓာကြီး ထမ်းပြီး တရားနာနေကြတာ၊ အသုဘခန္ဓာ ထမ်းပြီးသကာလ ဟိုဘဝ ဒီဘဝ ဒကာဒကာမတို့ ကျင်လည် ကျက်စားပြီးနေရတယ်ဆိုတာကော သေချာပလား. . . (သေချာပါတယ်)။

အဲဒါတွေ ဘုန်းကြီးတို့ ထောက်ကြည့်တော့မှ အင်း ဒို့သည် ဗြဟ္မာလူထွက်တွေပါလား၊ ဗြဟ္မာ့ဘုံသည် မည်မျှ လောက်ထူးခြားတယ်ဆိုစေကာမူ၊ အင်း - အနိစ္စ၊ ဒုက္ခသစ္စာ ပါလား. . .၊ ဖြစ်ပျက်ဒုက္ခသစ္စာ၊ ဒါကျတော့ ကိုဝ မထိုး ဖောက်နိုင်ဘူး (မှန်ပါ့)

အင်း- သို့သော်လည်း မကောင်းဘူးလား ကောင်းသလား. . . (ကောင်းပါတယ်)၊ ကောင်းပင်ကောင်းငြားသော်လည်း၊ ဒါကို ထိုးဖောက်နိုင်သလားမေးတော့ ဘယ်နှယ်ဖြေကြမယ်. . . (မထိုးဖောက်နိုင်ပါဘုရား)။

ဩော်- ဒါကြောင့် ခင်ဗျားတို့ ပညတ်ပြောတယ်လို့ မယူပါနဲ့၊ ဒကာဒကာမတွေပြောရတယ်၊ ဒီသာသနာတွင်း မျက်လုံးမှာ ဒီဘုန်းကြီးတပ်ပေးတဲ့မျက်လုံး၊ ဒီ ဒကာဒကာမတွေမှာရနေတဲ့မျက်လုံးဟာ ဗြဟ္မာ့မျက်လုံးထက်သာတယ်လို့ အောက်မေ့ပါ. . . (မှန်ပါ့)။

ကြည့်စမ်း၊ ဗကဗြဟ္မာကြီးဟာ ဒကာဒကာမတို့၊ သူ့ခန္ဓာကြီးဟာလည်း၊ နိစ္စဓူဝ- နိစ္စဆိုတာ ခိုင်မြဲတာ၊ ဓူဝဆိုတာ ခိုင်တာ၊ သဿတဆိုတာ ဘယ်ခါမှမပျက်တာ၊ ဘယ်အခါမှ မကျိုး မပေါက်တာ၊ ကိုပေါ် ကို၀ မှတ်လိုက်ပါ။

## ဗကဗြဟ္မာကြီး ဒိဋ္ဌိဖြစ်နေတယ်

ဒီဟာတွေကိုတော့ သူဘယ်လိုရှုရှု၊ ဖြစ်ပျက်ဒုက္ခသစ္စာမြင်ပါ့မလား. . . (မမြင်ပါဘုရား)။ မမြင်ရတော့ သူဘာဒိဋ္ဌိဖြစ်နေသလဲ. . . (သဿတဒိဋ္ဌိပါဘုရား)။ သဿတဒိဋ္ဌိဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား. (ပေါ်ပါပြီ)။

အင်း- တစ်ခါစဉ်းစားပါဦးတဲ့၊ သူ့ကိုယ်သူလှည့်ကြည့်

ပြန်တော့ ကမ္ဘာလေးရာတိုင်တိုင် နေရပြန်တော့၊ ဩော်- ဒီဘုံကြီးဟာ နိဗ္ဗာန်ဘုံကြီးပဲ၊ သူ့သဘော ဒီမရောက်ဘူးလား. . (ရောက်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဗြဟ္မာမျက်လုံးဟာ စွမ်းရည်သတ္တိရှိ-မရှိ၊ (မရှိပါဘုရား)၊ မရှိဘူးဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ အဲဒါကြောင့် ခင်ဗျားတို့ သာသနာတွင်းကျင့်ကြတဲ့ ဆရာဘုန်းကြီးအကူအညီပေးထားတဲ့ မျက်လုံးဟာ ဘယ်လောက်ထိအောင် ခင်ဗျားတို့မှာ ဩော် ဗြဟ္မာမျက်လုံးထက်သာပြီး သကာလ သစ္စာမြင်တဲ့မျက်လုံးသွားရတယ်၊ (မှန်ပါ့)၊ ဘာမျက်လုံးရတယ်. . . (သစ္စာမြင်တဲ့မျက်လုံးပါဘုရား)။

## မသေခင်ဒါလေးမြင်အောင် ကြိုးစားပါ

သစ္စာမြင်တဲ့မျက်လုံးရတဲ့အတွက် ဘုန်းကြီးက တောင်းပန်ပါရစေ၊ မတောင်းပန်ကောင်းလို့သာ၊ မသေခင် ဒါလေးမြင်အောင် ကြိုးစားလိုက်ပါဦး၊ (တင်ပ့ါ)။

အသေမစောလိုက်ကြပါနဲ့၊ ဒါလေးမြင်အောင်ကြိုးစားလိုက်ကြပါဦး၊ နို့မို့ သာသနာပမျက်လုံးနဲ့သေသွားလို့ရှိရင် ဗြဟ္မာဘုံ အသုံးမကျတာ အထင်အရှားဖြစ်နေတယ်။

## အသေမစောကြပါစေနဲ့

ဒါ့ကြောင့် ဒကာဒကာမတွေကို တောင်းပန်တယ်၊ တိုးရှိုးတယ်၊ အင်မတန်မေတ္တာ၊ ကရုဏာရှေ့ထားပြီးသကာလ အသေမစောကြပါစေနဲ့၊ ကျန်းမာရေးဂရုစိုက်စမ်းပါ၊ ဒါပဲ ကြိုးစားလုပ်စမ်းပါ ဆိုရတယ်။

တစ်ခါတည်းနဲ့ ကိစ္စပြီးစေချင်လို့၊ ဒုက္ခခပ်သိမ်း ငြိမ်းစေချင်လို့ဆိုတဲ့အဓိပ္ပါယ် ရှင်းပလား. . . (ရှင်းပါပြီ)။ ဒါကြောင့် ဒကာဒကာမတို့ အားလည်းမလျှော့နဲ့၊ ကြိုးလည်း ကြိုးစားပါဆိုတာကို တိုက်တွန်းရပါတယ်နော်. . . (မှန်ပါ့)။

ဒီတွင်ပဲ ဗကပြဗ္ဗာကြီးက ဒိဋ္ဌိဖြစ်နေတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တစ်ခါတည်း ဖြဗ္ဗာပြည် ကွေးတဲ့လက်ဆန့်သလောက်နဲ့ တက်သွားတယ်။

## ဖြဗ္ဗာ့ပြည်ကို ကြွတော်မူတယ်

အဲဒီမှာ ဗကပြဗ္ဗာကြီးက အို. . ရှင်ကြီး ဂေါတမ၊ မရောက်တာကြာပြီ အခုမှပဲ ကျုပ်တို့ဆီကို တစ်ကြိမ် တစ်ခေါက်လာတာ ထိုင်စမ်းပါ၊ နေစမ်းပါ။

ဒီရပ်ကြီးဟာ ကျုပ်ခန္ဓာကြီးဟာ နိစ္စပါပဲ၊ ကျုပ်ခန္ဓာကြီးဟာ နိစ္စ၊ နိဗ္ဗာန်ခန္ဓာကြီးပါပဲ၊ ကျုပ်နေတဲ့နိဗ္ဗာန်ဘုံကြီး ပါပဲ။ ဆိုတော့ နားထဲကန့်လန့်ကြီးဝင်သွားတယ်၊ ခန္ဓာကို

နိစ္စလို့ သဿတဒိဋ္ဌိယူလိုက်တာကိုး. . . (မှန်ပါ့)၊ ဘုံကြီးကို
လည်း သဿတခိုင်တယ်၊ မြဲတယ်လို့ ယူလိုက်တော့ တစ်ခါ
တည်းတဲ့ ဘုရားကနားထဲကန့်လန့်ကြီး ဝင်သွားတော့၊ ဩော်-
အဝိဇ္ဇာအုပ်ချုပ်တဲ့၊ အဝိဇ္ဇာအုပ်ချုပ်နေတဲ့၊ အဝိဇ္ဇာတည်းဟူ
သော အမှိုက်ပုံပေါ် မျောချင်သလို မျောနေတဲ့ဖြဟ္မာပါ
ကလားလို့ အောက်မေ့လိုက်တယ်. . (မှန်ပါ့)၊ သဘောပါ
ပလား. . . (ပါ ပါပြီ)။

ဘယ်လောက်များဆိုးသလဲဆိုတာ. . . (ဆိုးပါ တယ်
ဘုရား)။ အဲဒါကြောင့်တဲ့ ဒီ ဒကာဒကာမတွေမျက်လုံးဟာ
သာမညမျက်လုံးလား၊ ဖြဟ္မာမျက်လုံးထက်သာသလားလို့
ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြည့်ပါ။ (သာပါတယ်ဘုရား)။
ဖြဟ္မာ့မျက်လုံးထက် အဆပေါင်းများစွာသာတယ်ဆိုတာ
ဆုံးဖြတ်ချက်ချစမ်းပါ။

ဒါ ချီးမြှောက်ပြောတာလား၊ ဝတ္ထုသက်သေသာကေ
နဲ့ အထောက်အထားနဲ့ပြောတာလား. . (အထောက်အထား
နဲ့ပြောတာပါဘုရား)၊ အထောက်အထားနဲ့ပြောတဲ့အတွက်
ကိုဝတို့ အားမလျှော့ပါနဲ့. . (မှန်ပါ့ဘုရား)။ ကိုပေါ်တို့
(မလျှော့ပါ)၊ မလျှော့နဲ့၊ မလျှော့နဲ့၊ အသေသာမစောစေနဲ့
ဆိုတဲ့အဓိပ္ပါယ်ကိုလည်း ပြောပါတယ်။

## ဗြဟ္မာကြီး အဝိဇ္ဇာဖုံးနေတယ်

ဒီတွင် ဘုရားကို သူက ထိုင်ပါဦး၊ နေပါဦး၊ သူ့ခန္ဓာကြီးဟာလည်း နိစ္စတရား၊ သဿတပါပဲ၊ ဓုဝ- ခိုင်မြဲတဲ့ခန္ဓာကြီးပါပဲလို့ မူလပဏ္ဏာသပါဠိတော်မှာ ဒီအတိုင်းလာတယ်။ တစ်ခါတည်း ဒီအတိုင်းဖြစ်နေတယ်။ ဒီဘုံကြီးဟာလည်း ထို့အတူပဲ၊ မသေရာဘုံဆိုတာ ဒါပါပဲ အစရှိသည်ဖြင့် သူကြွားပြီးသကာလ ရှင်ကြီးဂေါတမ ဒီနေရာရောက်ဖို့ကိုပဲ ကြိုးစားနော်။

အမယ် သူကတောင်ဟောလိုက်သေးတယ်၊ ဒီနေရာရောက်ဖို့သာကြိုးစားပါ၊ ဒီနေရာ ခိုင်တယ်၊ မြဲတယ်၊ လောကကြီးမှာ ဒီထက်ကောင်းတဲ့နေရာ၊ ဒီထက်အသေလွတ်တဲ့နေရာ မရှိတော့ပါဘူးလို့ သေသေချာချာဟောနေတယ်။

အင်း- ဘုရားသခင်ကိုယ်တော်မြတ်ကြီး နားထဲမှာတော့ ကန့်လန့်ကြီးပေါ့ဗျာ၊ (မှန်ပါ့)၊ ကန့်လန့်ကြီးဖြစ်ပြီးသကာလ သွားပါတယ်၊ အဲဒီကန့်လန့်ကြီးဝင်သွားတဲ့နေရာဌာနမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ထိုင်ပြီးသကာလ ဩော်- ဗကဗြဟ္မာကြီး အဝိဇ္ဇာဖုံးလှချည့်လားလို့ စဉ်းစားရင်းနဲ့ထိုင်နေတယ်၊ ဒကာဒကာမတို့ အဝိဇ္ဇာစွမ်းရည်သတ္တိ ဘယ်လောက်ဆိုးသတုံး. . . (ဆိုးပါတယ်ဘုရား)။

အနိစ္စတစ်ချက်မြင်လို့ရှိရင်ဖြင့် ဝိဇ္ဇာတစ်ချက်ဝင်တယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့)၊ အနိစ္စတစ်ချက်မြင်ရင်

(ဝိဇ္ဇာတစ်ချက်ဝင်ပါတယ်)။ ဝိဇ္ဇာတစ်ချက်ဝင်တယ်လို့ ဒကာဒကာမတို့ သေသေချာချာကြီး ယူလိုက်စမ်းပါ။

**မာရ်နတ်မင်းကြီး**

ကိုင်း-ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ သူတို့ ခေတ္တထိုင်ကာရှိသေးတယ်၊ ကိုပေါ်ရ၊ ဝသဝတ္တီပြည်က မာရ်နတ်ကြီးက အမြဲတမ်းကြည့်နေတာ၊ ဩော် ယနေ့ ဂေါတမ ဘယ်များကြွပါလိမ့်၊ ဟာ လူ့ပြည်ကနေပြီး ဗြဟ္မာပြည်တက်သွားပြီ။

ဟင်- ဗြဟ္မာတွေအကုန်ကျွတ်တမ်းဝင်တော့မှာပဲ၊ ဗြဟ္မာတွေကျွတ်တမ်းဝင်တော့မှာပဲ၊ ငါမှမဖျက်လို့ရှိရင် ခက်ရချည်းရဲ့၊ ငါ့ကိုလွန်ပြီးသကာလ ဒီဗြဟ္မာတွေသွားတော့မယ်၊ ဆိုပြီး တစ်ခါတည်း ဒီဗြဟ္မာပြည်လိုက်တာပဲ။

## ဗြဟ္မာကိုယ်ထဲဝင်ပြီးပူးတယ်

သူကလဲ တော်တော်တန်ခိုးကြီးတယ်နော်၊ (မှန်ပါ့)၊ အဲဒီဗြဟ္မာပြည်လိုက်ပြီးသကာလ ဒကာဒကာမတွေ တစ်ခု သောတန်ခိုးငယ်တဲ့ဗြဟ္မာထဲမှာ ဗြဟ္မာ၏နှလုံးသွေးထဲ၊ ခန္ဓာကိုယ်ထဲဝင်ပြီးသကာလ ပူးတယ်။

ရှင်ကြီးဂေါတမ၊ ရှင်ကြီးဂေါတမ၊ သူက ဗြဟ္မာလုပ်ပြီးပြောတယ်။ အဲဒီ ဗကဗြဟ္မာကြီးပြောတဲ့စကား အကုန်ယုံ

တော့ သူ့ခန္ဓာဟာ နိဗ္ဗာန်၊ နိဗ္ဗာန်ခန္ဓာ၊ သူ့ဘုံကြီးဟာလည်း နိဗ္ဗာန်ဘုံကြီး။

ရှင်ကြီးဂေါတမ သူပြောတာနားထောင်လို့ရှိရင်ဖြင့် ရှင်ကြီးဂေါတမသည် အလွန်အကျိုးရှိလိမ့်မယ်။ သူကတောင် ကြားဝင်ဖောက်လိုက်သေးတယ်၊ ဘယ်လောက်များဆိုးတယ် ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

သူကတော့ မိတ်ဆွေလုပ်ချင်လို့ ပြောတာပါ၊ သူ့နယ်က ဗြဟ္မာတွေ ကျွတ်လွတ်သွားမှာ စိုးလို့၊ သူ့နယ်က ဗြဟ္မာတွေ ကျွတ်လွတ်သွားမှာစိုးတာနဲ့၊ ရှင်ကြီးဂေါတမဆိုပြီး ဝင်ပူးတာပဲ၊ သူကလည်း နည်းတဲ့တန်ခိုးမဟုတ်ဘူး၊ (မှန်လှပါ ဘုရား)။

## ဗကဗြဟ္မာကြီးပြောတဲ့စကားယုံပါတဲ့

ရှင်ကြီးဂေါတမ ဒီဗကဗြဟ္မာကြီးပြောတဲ့စကား အကုန်ယုံ၊ အကုန်ယုံပါ၊ အကုန်မှတ်ပါတဲ့၊ သူဟာ အခုနိဗ္ဗာန် ခန္ဓာကြီးပါပဲ၊ နိဗ္ဗာန်ဘုံကြီးပဲ၊ ရှင်ကြီးဂေါတမ မပယ်နဲ့နော်၊ သူ့ဘုံရောက်အောင်ကြိုးစား။

အကယ်၍ သူပြောတဲ့စကား ပယ်လိုက်လို့ရှိရင် နောက်ကဗြဟ္မာတွေလိုက်လာတာ၊ တုတ်နဲ့ပယ်ချသလို သင် သည် ဆိုးဝါးတာရောက်သွားလိမ့်မယ်။

အမယ် သူကတောင် ဟောလိုက်သေးတယ်၊ (မှန်ပ့ါ)၊ နောက်ကဗြဟ္မာတွေလိုက်လာတဲ့အခါ ဒါမကြိုက်ပါဘူးဆိုလို့ ရှိရင် နောက်ကဗြဟ္မာတွေကို မကြိုက်တဲ့စိတ်နဲ့ ပယ်ချတာနဲ့ ဆင်တူတော့မယ်၊ ဗြဟ္မာပြောတဲ့စကား အကုန်နားထောင်ပါ၊ ကြောက်စရာကြီးပါလား. . (မှန်ပ့ါ)။

အမလေး ကြောက်စရာကြီးပါလား၊ မာရ်နတ်က ဝင်ပူးပြီး တစ်ခုသောဗြဟ္မာကြီးဝမ်းထဲ ဝင်ပူးပြီးသကာလ သူကပဲ ပြောဆိုနေတယ်။

## မာရ်နတ်ကိုနှိမ်တော်မူတယ်

ဒီတွင် ဘုရားက ဗြဟ္မာတရားမဟောရသေးဘူး၊ သူ့နှင်ဖို့ရာက အရင်ပေါ်လာတယ်၊ (မှန်ပ့ါ)၊ သူ့နှိမ်ဖို့ရာ ဟော့ မာရ်နတ် မင်းဟာ မသိဘူးများထင်မနေနဲ့ မင်းသည်ကားလို့ ဆိုလို့ရှိရင် သတ္တဝါတွေကို အလုံးစုံအကုန်၊ အပါယ်လေးပါး မြုပ်လမ်း၊ မျောလမ်းသွားပြီး၊ အိုဘေး နာဘေး သေဘေးတွေ နဲ့ မိတ်ဆွေဖြစ်နေတာ၊ မင်းက အင်မတန်ကြည့်ချင်နေတဲ့သူ တစ်ဦးတစ်ယောက်ဖြစ်ပါတယ်။

မင်းအခု ဗြဟ္မာပြည်ရောက်ပြီးသကာလ တစ်ခုသော ဗြဟ္မာ့ဝမ်းထဲ ဝင်ပူးကပ်ပြီးသကာလ မင်းဟာ ဗြဟ္မာလုပ်ပြီး သကာလ၊ ငါ့လာပြီးသကာလ တရားများဟောနေလိုက်သေး တယ်။

မင်း ငါကမသိဘူးမှတ်လို့လားလို့ ဘုရားပြောလိုက်တော့ ငြိမ်သက်သွားတယ်။

## ဗြဟ္မာကြီးရဲ့သက်တမ်းက ကမ္ဘာပေါင်း (၄၀၀) ကျော်

ဒကာဒကာမတို့ သံသရာနယ်ထဲက ထွက်သွားဖို့ အင်မတန်ကန့်ကွက်ချင်တဲ့သူဟာ မာရ်နတ်ပဲဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

ဒါနဲ့- ဗကဗြဟ္မာကြီးကို မင်းဒီပြည်မှာနေရတာ ကမ္ဘာ (၄၀၀) ရှိခဲ့ပါပြီ၊ ဒီပြင် အောက်ဘုံတွေမှာလည်း သင်နေခဲ့တာ ကမ္ဘာ (၃၀၀)၊ ကမ္ဘာ (၂၀၀) နေခဲ့ရတော့ သင်သည်ကား လို့ဆိုလို့ရှိရင် သင့်ခန္ဓာကြီးကို ခိုင်တယ်၊ မြဲတယ်လို့ယူတော့၊ ဘယ်ကပုဂ္ဂိုလ်ကြီး၊ ဘယ်ကလာလို့ ဘယ်လိုအကျိုးစီးပွားကြောင့် ဗြဟ္မာဖြစ်လာတယ်လို့ သင်မှမသိပဲ။

သင့်ကိုယ်ကြီးကို ခိုင်တယ်၊ မြဲတယ်လို့ သင်ယူမှာပေါ့၊ သူက ဒီမှာပဲကြာနေတော့ နောက်ကဟာတွေ အကုန်မေ့နေတယ်။

## အမေ့နို့ရည်နံ့တောင် မပျောက်သေးဘူးတဲ့

ရှင်ကြီး ဂေါတမ ဒီလိုမပြောနဲ့လေ၊ ရှင်ကြီး ဂေါတမ ပြောဆိုတဲ့စကား၊ ရှင်ကြီးဂေါတမ ကျုပ်ထက်အများကြီးငယ်

တယ်၊ ရှင်ကြီးဂေါတမ ပြောဆိုတဲ့အကြောင်း၊ ကျုပ်ယုံရမှာ အင်မတန်ခဲယဉ်းတယ်၊ ရှင်ကြီးဂေါတမပါးစပ်က အမေ့နို့ရည်နံ့တောင် မပျောက်သေးဘူး။

သူကတောင်လာလိုက်သေးတယ်။ ကြောက်စရာကြီးပါလား၊ ဒကာဒကာမတို့၊ ကြောက်စရာကြီးနော်၊ မင်းက အမေ့နို့ရည်နံ့တောင် မပျောက်သေးပါဘူးတဲ့ သူ့ရဲ့အသက်က အင်မတန်ကြီးကျယ်တော့၊ ကမ္ဘာပေါင်းများစွာနေရတဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ မသေတဲ့ဥစ္စာကြီး၊ ရှင်ကြီးဂေါတမ၊ သင်းသည်ကားလို့ဆိုလို့ရှိရင်၊ သေတတ်တာတွေ၊ သေခဲ့တာတွေ သေပြီးလာခဲ့တာတွေ မင်းမမြင်ဘူးဆိုတာသည် ကလေးပြောတာ လူကြီးကယုံရမှာလားဆိုပြီး ရှင်ကြီးဂေါတမ မဟုတ်နိုင်ပါဘူး၊ သူက ကန့်ကွက်လိုက်တယ်။

## အသက်ရှည်လွန်းလို့ သဿတဒိဋ္ဌိဖြစ်နေတယ်

သဘောကျပလား (ကျပါပြီ) အသက်ရှည်လွန်းလို့ သဿတဒိဋ္ဌိဖြစ်နေတယ်။ အသက်ရှည်လွန်းလို့ . . . (သဿတဒိဋ္ဌိဖြစ်နေတယ်) သဿတဒိဋ္ဌိဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ကဲကွာ တဲ့ မင်းကိုယ်မင်း ခိုင်တယ်မြဲတယ် တည်တံ့တယ်၊ မင်းဘုံကြီး ကလည်း နိဗ္ဗာန်ဘုံကြီးလို့ ထင်ခဲ့လို့ရှိရင် မင်းအကြောင်း

ငါပြောပြပါမယ်။ မင်းထက်ပညာသာတယ်ဆိုတာ မှတ်လိုက်စမ်းပါ။

ငါကလေးလို ပါးစပ်က အမေ့နို့ရည်နံ့မပျောက်သေးဘူးဆိုတာ မဟုတ်ပါဘူး။ မင်းထက် ငါသာပါတယ်ဆိုတော့ တန်ခိုးပြရတယ်။ တန်ခိုးမပြရင်ခက်ပြီ (မှန်ပါ) ယုံမှာမှမဟုတ်ဘဲ။

## ဒီကုသိုလ်ကြောင့် ဗြဟ္မာဖြစ်လာတာ

ဒါနဲ့ သင်ဟာတစ်ချိန်က ဈာန်ရတဲ့ရသေ့ကြီးဖြစ်ခဲ့တယ် အဲဒီအခါမှာ ညအချိန် သဲကန္တာရထဲသွားတဲ့အခါ လူတွေက အိပ်ပျော်နေကြပြီး နွားတွေက အစာရေစာတွေ ဝိုင်းစားနေတာတွေ့တယ်။ သူတို့ဟာ နေ့လည်ကျရင်၊ သဲကန္တာရထဲမှာ သဲပူမိပြီး အော်ကြ ဆူကြနဲ့ သေကုန်ကြတော့မယ်လို့ သင်ဟာ ဈာန်အဘိညာဉ်ရတဲ့ ရသေ့ဖြစ်လို့ ကြိုပြီးမြင်တယ်။

အဲဒီတော့ ငါ့ရှေ့တော့ဖြင့် သူတို့ မသေကြပါစေနဲ့ဆိုပြီး သင့်တန်ခိုးနဲ့ ရေတွေလာပါစေသတည်းဆိုပြီးသင်ကယ်လိုက်တယ်၊ သူတို့လည်းအသက်ချမ်းသာရာရသွားတယ်။

အဲဒီကုသိုလ်တွေကြောင့် သင်ဗြဟ္မာဖြစ်လာတယ်၊ အဲဒါ မပြောဘဲနဲ့ ကူတဲ့အတွက် သင်ဗြဟ္မာဖြစ်လာတာ။

ဒီနောက်မှာသင်သည် ဂင်္ဂါမြစ်ထဲမှာ လူတွေစုပြီး မင်္ဂလာအခမ်းအနားလုပ်တဲ့အခါမှာ မြစ်ကြီးတစ်ခုလုံး လှေတွေ၊ သင်္ဘောတွေပြည့်ပြီးနေတဲ့အချိန်မှာ ရေစောင့်နဂါးကြီးက ဒီလူတွေ တယ်မြူးကြတယ်။ ငါ့ကို အလေးအမြတ်မပြုဘူးဆိုပြီး ရေထဲကနဂါးကြီးပေါ်လာတယ်။

ခုနက မြစ်ကမ်းပါးမှာ ပျော်နေတာတွေဟာ တစ်ခါတည်း တဝေါဝေါအော်သံကြားလို့ ဘာသံပါလဲဆိုပြီး သကာလ ကြည့်ကြည့်ကြတယ်။ နဂါးကြီးက အကုန်ရေထဲမှာ မျှောမလို့စိတ်ကူးနေတုန်း သင်က ငါ့ရှေ့မှာ မသေစေနဲ့ဆိုပြီး ဂဠုန်ယောင် ဖန်ဆင်းပြီး တန်ခိုးနဲ့ပြလိုက်တော့ နဂါးကြီး ရေထဲ ပြန်ငုပ်ရတယ်။

အဲဒီကုသိုလ်တွေကြောင့် သင်က ဗြဟ္မာကြီးဖြစ်လာတာ။

## ရှင်ကြီးဂေါတမ ကျုပ်အကြောင်းသိပါလား

ဟင်-ရှင်ကြီးဂေါတမ ကျုပ်အကြောင်းသိသကိုး၊ သူကမသိဘူး (မှန်ပါ့)။ ဒါကြောင့် မင်းကိုငါက မင်းက ငါ မိခင်နို့ရည်နံ့တောင်မပျောက်သေးဘူးလို့ မင်းကဆိုတာ၊ မင်းထက်ငါကသိတာပေါ့တဲ့။

မင်းထက်ငါကပညာရှိလို့ မင်းထက်ငါက သိတာပေါ့

ဆိုတော့မှ နည်းနည်းလေး အောက်ကျသွားတယ် . . (မှန်ပါ့)။

နည်းနည်းလေးအောက်ကျသွားတယ်၊ ကြည့်စမ်း ဒကာ ဒကာမတို့ ဒိဋ္ဌိလေးခွာပြီးသကာလ၊ သူအရိယာဖြစ်ဖို့ ဟောဖို့ရာအကြောင်းကိုပဲ တန်ခိုးပြိုင်ရသေးတယ် (တင်ပါ့) ကိုပေါ်လွယ်ပါ့မလား (မလွယ်ပါဘူးဘုရား)။

အဲဒီတော့မှ ရှင်ကြီးဂေါတမတဲ့ ရှင်ကြီးဂေါတမဟာ တန်ခိုးတော့ကြီးပါရဲ့တဲ့၊ ကျုပ်အကြောင်းကိုလည်း၊ ကောင်း ကောင်းသိတယ်ဆိုတာကိုလည်း ယုံကြည်ပါတယ်တဲ့၊ သို့ရာ တွင် ရှင်ကြီးဂေါတမ ကျုပ်ထက်တော့ငယ်တာအမှန်ပဲ။

လူငယ်ကပြောတာကို လူကြီးက ယုံရမယ်ဆိုတာ အတော်ကလေးတော့ ခဲယဉ်းနေတယ် မလျော့ဘူး (မလျော့ ပါဘုရား)။

## ရှင်ကြီးဂေါတမနှင့်တန်ခိုးပြိုင်မယ်

ရှင်ကြီးဂေါတမနဲ့ ကျုပ်နဲ့ တန်ခိုးပြိုင်မယ်၊ အမယ်လေး လာချည့်သေးတယ်၊ ဒကာ ဒကာမတို့ တန်ခိုး ပြိုင်ဦးမတဲ့ . . . (မှန်ပါ့ဘုရား) ဘယ်လောက်ထိအောင် ဒိဋ္ဌိသန်သလဲဆိုတော့ သူ့အယူသူမစွန့်ဘူး။

တန်ခိုးပြိုင်ကြည့်ဦးမယ်၊ တန်ခိုးပြိုင်ကြည့်လို့ရှုံးမယ် ဆိုရင် အမှန်ယူမယ်လေ။

## ဗြဟ္မာစွမ်းရည်သတ္တိ

ဒီတွင်မှ သူသည်ကားလို့ဆိုရင် ဘာတွေကြောင့် တန်ခိုးပြိုင်မလဲလို့မေးတဲ့အခါကျတော့ ဗြဟ္မာစွမ်းရည် သတ္တိကလည်း ကိုပေါ်တို့ ကိုဝတို့ တော်တော့် သတ္တိမဟုတ် ဘူး၊ သူ့ခန္ဓာကိုယ်ကို ပင္ဒိသန္ဓေနေစက အခြေကိုပြန်ပြီး ဖန်ဆင်းလိုက်လို့ရှိရင် မည်သူမှကြည့်လို့မရဘူး။

သူက တူပုန်းတန်းကစားမယ်၊ ကျုပ်တော့တူပုန်းမယ် ရှင်ကြီးဂေါတမက ကျုပ်ရှာနိုင်ရှာပါ၊ ရှာနိုင်လို့ရှိရင်ဖြင့် ကျုပ် အရှုံးပေးမယ်။ မရှာနိုင်လို့ရှိရင်ဖြင့် ရှင်ကြီးဂေါတမ ကျုပ်ထက်ငယ်လို့ တန်ခိုးနည်းလို့ဖြစ်တော့ ရှင်ကြီးဂေါတမ ပြောဆိုတဲ့စကားကျုပ်မယုံနိုင်ဘူး။

တူတူပုန်းတမ်းကစားဦးမယ် ဒီတော့မှ ဘုရားသခင် က မင်းက တူပုန်းချင်တယ်ဆိုလို့ရှိရင် ပုန်းတာပေါ့ကွ၊ ကိစ္စ မရှိပါဘူး ငါရအောင်ရှာပါ့မယ်။

သူကဗြဟ္မာတို့၏ထုံးတမ်းအတိုင်းပဲ ပင္ဒိသန္ဓေနေတဲ့ ရုပ်နာမ်ပြန်လုပ်တယ်၊ ပင္ဒိသံန္ဓေနေတဲ့ရုပ်နာမ်ဆိုတာ ဒကာ ဒကာမတို့ သိတဲ့အတိုင်း၊ ကလလရေကြည်ဆိုတော့ ပြောပ လောက်တဲ့အခြေအနေရှိရဲ့လား. . . (မရှိပါဘူး)။

အဲဒီလို အဲဒီအထိ သူကပြန်ပြီးတော့ သူ့ကိုယ်သူ ဖန်ဆင်းလိုက်တယ်၊ ဘုရားကဖန်ဆင်းခွင့်ကိုမပေးဘူး၊ ဒီနေရာရောက်အောင်ကိုမပေးဘူး။

## ပဋိသန္ဓေနေစအခြေပြန်ဆင်းလို့မရ

ဒီနေရာရောက်အောင်ကို မပေးတဲ့အခါကျတော့ ပုန်းမှာပေါ့ သူကတော့ဖြင့် လုံပြီထင်တာပေါ့၊ အယောင်ဆောင်ပြီး ပုန်းနေလိုက်၊ ဟိုဒီထဲ၊ ဘုံကြားကပ်ပြီး ပုန်းနေလိုက်၊ ဘုရားက မင်းဒီအထဲ၊ ဘုံကြားကပ်နေတယ်၊ အင်း-ဟိုကြားရောက်ပြန်ပြီး ဗကဗြဟ္မာကြီး ရယ်စရာကြီးပါလား ပုန်းတာလုံအောင်မှ မပုန်းဘဲကိုး၊ ဘုရားက အိုး-ပဋိသန္ဓေဆီ ပြန်လို့မှမရဘဲ၊ ပြန်ခွင့်ကိုမပေးဘူး ဘုရားက ပဋိသန္ဓေဆီပြန်ခွင့်ပေးလို့ရှိရင် ဘုရားတောင်မမြင်နိုင်ဘူးတဲ့ (မှန်ပါ့) သူ့တန်ခိုးကလည်း သေးတာမဟုတ်ဘူး။

အဲလိုပြန်ခွင့်မပေး၊ ရုပ်လိုနေလို့ ရုပ်ကလာပ်ကို ပြန်သွားရတာ ဒီတွင်မှ ဘေးကစောင့်နေတဲ့ဗြဟ္မာတွေကတော့ဖြင့် တရားနာနေတဲ့ဗြဟ္မာတွေကလည်း၊ ဗကဗြဟ္မာကြီးဟာ အပုန်းကောင်းလိုက်တာ ကျုပ်တို့ဖြင့် မြင်သားပဲ၊ လှောင်ကြပြောင်ကြပေါ့ဗျာ။

အဲဒီတွင် သူရှက်ပြီ၊ ရှက်ပြီးသကာလ ရှင်ကြီးဂေါတမ အရှုံးတော့မပေးသေးဘူး၊ ကျုပ်ပုန်းတာကိုတော့ဖြင့် နေရာတိုင်းမှာမြင်တယ်ဆိုတော့ဖြင့် ကျုပ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အရှုံးတော့မပေးသေးဘူးတဲ့၊ ရှင်ကြီးဂေါတမ ပုန်းပါဦး ကျုပ်ရှာမယ်။

## သေးငယ်တဲ့ရုပ်ကလာပ်ဖန်ဆင်းတယ်

ဆိုတော့မှ ဘုရားသခင်ကိုတော်မြတ်ကြီးကလည်း အင်မတန်သေးငယ်တဲ့ရုပ်ကလာပ်ကို ဖန်ဆင်းပြီးသကာလ ပုန်းတယ်၊ ဒီနေရာတွင် ပုန်းတယ်၊ ထိုင်တဲ့နေရာတွင်ပျောက်တယ်၊ ပျောက်ပေမယ့်လည်း ငါ့စွဲချက်တင်လိမ့်မယ်တဲ့၊ ဗက ဖြဟ္မာကကော သူ့ဖြဟ္မာပရိသတ်တွေကကော၊ ရှင်ကြီး ဂေါတမ ပုန်းလိုက်တာကဖြင့် ဗကဘုံတွေရောက်အောင်ပဲ ပုန်းတယ်လို့ထင်မှာစိုးတယ်။

ဒါကြောင့် ပုန်းတယ်၊ မြင်လည်းမမြင်ရဘူး၊ တရား လည်း ဟောနေတယ်၊ မြင်လည်းမမြင်ရဘူးနော် (တင့်ပါ) တရားလည်းဟောနေတယ်၊ ဒါမှသာလျှင် ဒီအနားတွင်ပဲ ရှိတယ်။ မတွေ့ရဘူး၊ ငါပုန်းတယ်ဆိုတာသေချာအောင်လို့။

## မြင်လည်းမမြင်ရဘူး တရားဟောနေတယ်

ဒီနေရာတရားဟောနေတယ်၊ ပုန်းရင်းဟောနေတယ်၊ ပုန်းရင်းပဲဟောနေတယ်။ မြင်လည်းမမြင်ရဘူး၊ သဘောကျပလား (ကျပါပြီ)။ ဟိုဗကဖြဟ္မာကြီးက ပုန်းလို့ရသေးရဲ့လား (မရပါဘူး)။

အဲဒါ ပဋိသန္ဓေသွားမယ်ဆိုတော့ ဘုရားကတားမြစ်ထားလိုက်တယ်၊ ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

ကဲ-မင်းရှာတော့ဆိုပြီးသကာလ တစ်ဘဝအဖြစ်နဲ့ ဒီနေရာ တွင်ပဲ မမြင်အောင်လုပ်ပလိုက်တယ်။

သို့သော် တခြားသွားပုန်းနေတယ်ထင်မှာစိုးတဲ့ အတွက် ဒီနေရာကနေ တရားဟောနေတယ်။ ပုန်းရင်းဟော နေတယ်။

အဲ ဖြဟ္မာတွေ ကျွတ်တယ်ဆိုတာ ဒကာ ဒကာမ တွေ မှတ်ပါ။ ဘာဟောလိုက်လို့ ကျွတ်တယ်ဆိုတာသိရ အောင်နော် . . . (မှန်ပါ့ဘုရား)။

## တူတူပုန်းရင်းတရားဟောတယ်

ကိုင်း-ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တူတူ ပုန်းရင်းပဲ ဒီကနေ ဟောလိုက်တယ်၊ ဘဝေဟံ ဘယံဒိသွာ ဘဝဥ္စ ဝိဘဝေ သိနံ ဘဝေဟံ ဘယံ ဒိသွာဆိုပြီးသကာလ ပုန်းရင်းဟောတယ်။ အဟံ-ငါသည်၊ ဘဝေ=ဘဝများစွာ သံသရာကြီးထဲ၌ ဘယံ=ဘေးကို ဒိသွာ=ငါမြင်၍၊ ဘဝရမှာ ကို အင်မတန်စိုးရိမ်တယ်၊ ဘဝရမှာ ငါအကြောက်ဆုံးပဲ၊ သဘောကျပလား (ကျပါပြီ) ဘဝရမှာ . . . (အကြောက် ဆုံးပါဘုရား)။

ဝိဘဝေသညာ - ဘဝများစွာ သံသရာထဲက ဘဝကင်းရာကို ရှာခဲ့တဲ့အခါ ရကိုမရဘူးတဲ့၊ ဘဝထဲချည်း

ပြန်ရောက်နေတယ် သဘောကျပလား (ကျပါပြီ)။ သူသည် ဘဝအသစ်ကိုတော့သူမြင်တယ်။

သို့သော်လည်း ဟိုဘဝ၊ ဒီဘဝ၊ ငါမသွားရအောင် လို့ ကြိုးစားငြားသော်လည်းတဲ့ ဒီဘဝတည်းမှာပဲ ပြန်ပြန် ရောက်နေတယ်၊ သဘောကျပလား . . . (ကျပါပြီ) ဒါပုန်းရင်းပေါနေတဲ့တရားနော် (မှန်ပါ့)။

## ဘဝကင်းရာရှာလို့မရခဲ့ဘူး

**ဘဝေဟံ ဘယ်ဒိသွာ ဘဝဥ္စ ဝိဘဝေသိနံ**

အဟံ=ငါသည်အလုံးစုံသိတယ်၊ ဘဝေ=ဘဝကို၊ ကိိစိ=တစ်စုံတစ်ခုမှ ငါသည် မနှစ်သက်ပါဘူးကွာ၊ နဘဝဥ္စ= နှစ်သက်ခြင်းကိုလည်း၊ ငါသည်ကားဆိုရင် စွဲလမ်းမှုတော့ မယူပါဘူးကွာ။ ဒကာ ဒကာမတို့ သစ္စာဟောတယ်၊ သစ္စာ ဟောနေတယ်၊ သစ္စာလေးပါးဟောလိုက်တယ်။

ဘဝကင်းရာကိုတဲ့ သူသည်ရှာငြားသော်လည်း ဘဝထဲပဲကျတယ်ဆိုတော့၊ ဘဝထဲပြန်ကျအောင် လုပ်တာ က တဏှာ၊ ပြန်ကျတာက ဒုက္ခသစ္စာ၊ ဘဝထဲပြန်ကျအောင် လုပ်တာက (တဏှာ) တဏှာသမုဒယသစ္စာ အဲကွာ ဘဝပြန်လာတာက (ဒုက္ခသစ္စာ)။

ဩော်- ဒကာ ဒကာမတို့ လျှကြ၊ တန်းကြ၊ ပေးကြ၊

ကမ်းကြတဲ့ ပုဂ္ဂိုလ်များဟာ တောင်းတာ၊ ဘဝကင်းရာကို နားမလည်တော့၊ ဪ ဒီဘဝမကောင်း ဟိုဘဝပြောင်းရ တာပေါ့။

ဒီဘဝဆင်းရဲ၊ ဟိုဘဝချမ်းသာဖို့ပေါ့ဆိုတော့၊ သူသည်ချမ်းသာစစ်ကိုရှာနိုင်တဲ့စွမ်းရည်သတ္တိရှိသေးရဲ့လား မရှိပါဘူး။

## ဘဝဆုံးရာ ရှာကြသော်လည်း ဉာဏ်မမှီကြ

ဘဝကင်းရာကို ရှာတော့ရှာပါတယ်တဲ့၊ သူသည် သူ့ဉာဏ်ကမမှီတော့ ဘဝထဲပဲ ဒီဘဝမကောင်းတော့ ဟိုဘဝ တော့ကောင်းရတော့မှာပဲဆိုပြီး ကြံလိုက်တယ် သဘောကျ ပလား . . . (ကျပါပြီ)။

ဘဝေဟံ ဘယံဒိသွာ၊ ဘဝေ-ဘဝ၌၊ ဘယံ-ဘေးကို၊ ဒိသွာ - မြင်၍၊ အဟံ-ငါဘုရားသည်၊ ဝိဘဝေသိန်-ဘဝကင်း အောင်ရှာခဲ့သည်ရှိသော်၊ ငါသည် ဘဝထဲမှာ ဘဝဘေး ကြောက်လွန်းလို့ ဘဝကင်းရာကိုရှာခဲ့တယ်။

သစ္စာမသိခင်တုန်းက ဘဝထဲချည်းပြန်ရောက်ခဲ့ တယ် (မှန်လှပါဘုရား) ဒါသဘောပါပဲ၊ သဘောပါပဲ ဒကာ ဒကာမတို့ . . . (မှန်ပါ့ဘုရား)။

စဉ်းစဉ်းစားစားနားထောင်ပါ မရှင်းဘူးလား ဘဝ

များစွာသံသရာမှာ ဘဝမကောင်းဘူးဆိုတာတော့သိတယ်၊ သိပင် သိငြားသော်လည်း ဘဝ၏ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မသိတော့ အင်း ဒီဘဝက ဟိုဘဝပြောင်းဖို့ဆိုရင် ကောင်း နိုးနိုးဆိုပြီး ငါ့မှာဒီတဏှာချယ်လှယ်မှုကိုခံရတဲ့အတွက် ဘဝကူးဆိုတဲ့ချောက်ထဲချည်းပြန်ကျတယ်၊ ရှင်းကြပလား (ရှင်းပါပြီ)။

ခင်ဗျားတို့အားလုံး တရားနာတဲ့ ဒကာ ဒကာမတို့ လှိုက်လှိုက်လှဲလှဲနဲ့ပဲ သတိပေးပါတယ်။

ခင်ဗျားတို့သစ္စာမသိလို့ နိရောဓသစ္စာ၊ ဒုက္ခ ခပ်သိမ်း ငြိမ်းတဲ့ နိရောဓသစ္စာကို ခင်ဗျားတို့ ယခုဘဝမှာတဲ့ ဖြစ်ပျက် အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မသိလို့ရှိရင် ဘဝထဲပြန်ကျမှာပဲ၊ မကျ ဘူးလား . . . (ကျမှာပါဘုရား)။

အင်း-ဒီဘဝမကောင်းလို့ရှိရင် ရှိပါစေတော့ စုတေ မနေသေလွန်တဲ့အခါ နောက်ဘဝဒီဆင်းရဲနှင့် ဒီအနာမျိုးဖြင့် ကင်းရပါလို၏ဆိုတော့ ဘယ်ပြန်ကျမလဲ . . . (ဘဝထဲပြန် ကျမှာပါ)။

## ဘဝကောင်းရာရှာသော်လည်း ဘဝပဲပြန်တွေ့

ဒီဘဝကိုကြောက်လို့ သူ့ခမျာမှာ အိုမှု၊ နာမှု၊ သေမှု ကြီးကိုယ်တိုင်တွေ့ရတဲ့အတွက် ဘဝကူးကြောက်စရာကောင်း

လို့ ဘဝကင်းရာကို ရှာလိုက်တာ ဘာပြန်တွေ့သလဲ . . . (ဘဝပဲပြန်တွေ့ပါတယ်)။

သစ္စာမသိတော့ နိရောဓသစ္စာမသိတဲ့အတွက် ဒကာဒကာမတို့ ဘဝကူးချည်းပြန်ရောက်တယ်၊ အဲဖြစ်ပျက်သံသရာလည်ခဲ့ပါတယ်တဲ့၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ဘယ်အချိန်၊ ဘယ်ကာလမှ မကြားဖူးဘူး၊ ဘယ်အချိန် ဘယ်ကာလမှ အားထုတ်လို့မရခဲ့ဘူး။

အားထုတ်တဲ့နည်းကိုလည်း ပိုင်ပိုင်နိုင်နိုင်မရခဲ့ဘူး၊ ဘဝချုပ်ရာ၊ ဖြစ်ပျက်ချုပ်ရာကိုလည်းကျုပ်တို့က မသိခဲ့ (မှန်ပါ့) မတွေ့ခဲ့တော့ ဒီဘဝမှာဖြင့် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုးကြီးနဲ့ဖြင့် ဒီခန္ဓာကြီးဟာဖြင့် အတူနေရပြီ။

ကိုင်း-အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ နောက်ဘဝ ဆိုရင် ဒီဟာမျိုးမတွေ့ရပါလို၏၊ ဒီသားနဲ့ မတွေ့ရပါလို၏၊ ဒီသမီးနဲ့ မတွေ့ရပါလို၏၊ ဒီအနာနဲ့ မတွေ့ရပါလို၏လို့ဆိုရသော်လည်း ဒီဘဝပဲပြန်ကျတယ်။

ဘဝကင်းရာကို ရှာငြားသော်လည်း (ဘဝပဲပြန်ကျတယ်) အဲတော့ ခင်ဗျားတို့ ယခုအချိန်မျိုးမှာ ဆရာဘုန်းကြီးသတိပေးပါတယ်၊ မိရင်မိကြပါ သစ္စာတရားကို မမိလို့ရှိရင် ခင်ဗျားတို့ယုန်ဖြစ်ပါလိမ့်မယ် (မှန်ပါ့)။

## တောထဲကယုန်ဥပမာ

တောထဲကယုန်ဆိုတာ တစ်နေ့လုံး ချုံပုတ်ကလေးထဲမှာ ဝပ်နေရတယ်။ သူက ကြောက်ရတာချည်းပဲကိုးဗျ၊ ကြောင်လာလည်းသူတို့ကြောက်ရ၊ ခွေးလာလည်း (ကြောက်ရပါတယ်) လုံခြုံမှု ချုံပုတ်ကလေးထဲမှာ မပုန်းရဘူးလား (ပုန်းရပါတယ်)။

နေ့စဉ်လှုပ်ရဲပါ့မလား . . . (မလှုပ်ရဲပါဘုရား) မလှုပ်ရဲတော့ ကျင်ကြီးလည်း ဒီအနားမှာ ဝပ်လျက်ကလေး စွန့်ရတယ်၊ ကျင်ငယ်ကော (ဒီအနားမှာပါပဲ) ဩော်-ဒါဖြင့် ဒီလိုပဲ ဒီမြေပေါ်မှာနေရလို့ ဒီလိုပဲ ဒုက္ခ၊ သုခ၊ တလန့်တည်း လန့်ပြီးသကာလ ဒီကျင်ကြီး ကျင်ငယ်တွေနဲ့ တစ်နေ့လုံးပဲ မခွဲရ မခွာရဖြစ်ပါတယ်။ ဒီလိုသာဖြင့်နေလည်းမနေချင်ပါတော့ဘူးဆိုပြီး ထခုန်ပြန်တယ်။

ခုန်ပေမဲ့ ကိုဝ စဉ်းစားကြည့် အပေါ်ကို နှစ်တောင်မြင့်မှာပေါ့ ပြီးတော့ ဘယ်ပြန်ကျလဲ (မြေပေါ်ပြန်ကျတယ်)။

ခင်ဗျားတို့ဖြစ်စဉ်နောက်တုန်းက ဘဝကူးချည်း ကျင်လည်ခဲ့တယ်၊ "ဘဝကူးချည်း ကျင်လည်ခဲ့တော့ ဇာတိထဲချည့် ပြန်မကျဘူးလား၊ ဘယ်လောက်နစ်နာသလဲ . . . (နစ်နာပါတယ်ဘုရား)၊ ပေါ်ကြပလား (ပေါ်ပါပြီ)။

## ဘဝပဲပြန်ဆုတောင်းနေကြတယ်

အဲဒါနိရောဓသစ္စာဆိုတဲ့ ဘဝဖြစ်ရာ နိရောဓသစ္စာ မသိတဲ့အတွက်ကြောင့် ဒကာ ဒကာမတို့ ဒီဘဝ မကောင်းတော့ ဟိုဘဝဖြင့် အနာမျိုး (၉၆)ပါး ကင်းတဲ့ကိုယ်ဖြစ်ရပါလို၏၊ ကိုယ်ဖြစ်ရပါလို၏လာတာကိုးဗျ၊ ဘယ်ပြန်ကျသလဲ၊ ဇရာ (ထဲပဲပြန်ကျပါတယ်) ဇရာထဲပဲပြန်ကြတယ်။

ကဲ ခုနက ယုန်ကောင်နဲ့ကော ဘာထူးသေးလဲ . . . (မထူးပါဘူးဘုရား) မြေမုန်းလို့ ခုန်တာမြေပေါ်ပဲပြန်ကျတယ်၊ မြေမုန်းလို့ခုန်တာ . . . (မြေပေါ်ပြန်ကျပါတယ်)။

အခုမြို့ထဲရွာထဲမှာဖြစ်စေ၊ တောရွာတွေမှာဖြစ်စေ၊ ဆရာကောင်းသမားကောင်းနဲ့ဝေးတဲ့နေရာမှာဖြစ်စေ၊ ကိုဝ မြေပုံပေါ်မှာပြန်ကျမည့်လူများလိမ့်မယ်ဆိုတာ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချ၊ များမလား၊ မများဘူးလား (များပါတယ်ဘုရား)။

## နောက်ဘဝတောင့်တကြတယ်

ဘဝဆုံးတာသူသိသေးရဲ့လား . . . (မသိပါဘူး) ဘယ်သိပ့်မလဲ ဘဝဆုံးတာသူမသိတဲ့အခါကျတော့ မြေပေါ်နဲ့ တူတဲ့ဇာတိချောက်ထဲ၊ ဒီဘဝဖြင့် ရောဂါကလည်းထူ၊ ပစ္စည်းကလည်းမွဲ၊ သားသမီးကလည်းမစွံ အင်မတန်ဆိုးဝါးတယ်၊ နောက်ဘဝဖြင့် ဒီသား၊ ဒီသမီး၊ ဒီအမွဲမျိုးနဲ့

ဒီဆင်းရဲမျိုးလွတ်ရပါလို၏။

မြေပေါ်ပြန်ကျတယ်၊ ကျ၊ မကျ၊ စဉ်းစားကြည့်စမ်းပါ (ကျပါတယ်ဘုရား) ကိုင်း ဒါဘာမသိတာလဲ . . (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာသူမသိလို့၊ နိရောဓသစ္စာ မသိလို့ . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ကိုယ်ကိုယ်တိုင်ပဲ ခုလိုဆရာကောင်း သမားကောင်းဆီကို မှီဝဲဆည်းကပ်နေတာမရှိခင်တုန်းက ကိုယ်လည်းဒီအတိုင်းပြန်ကျမှာပဲ၊ (မှန်ပါ့ဘုရား) ယုန်မို့လို့ ပြန်ကျတယ်ဆိုတာ သေချာကြပလား . . . (သေချာပါတယ်)။

အဲဒါကြောင့် ဒကာ ဒကာမတွေကို ပြောရတယ်၊ မလုပ်ကြစမ်းပါနဲ့ ဒီနိရောဓဆိုတာ ဒုက္ခနိရောဓလို့မှတ်လိုက်စမ်းပါ၊ သဘောကျပလား (ကျပါပြီ) နိရောဓဆိုတာ (ဒုက္ခနိရောဓပါဘုရား)။

## သစ္စာမသိလို့

ဒုက္ခနိရောဓလို့ဆိုသဖြင့် ရုပ်နာမ်နိရောဓပါ၊ ရုပ်နာမ်က ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) အဲဒုက္ခသစ္စာ၏ ချုပ်တာသာရှိတာ၊ ဒကာ ဒကာမတို့ ဒုက္ခသစ္စာသိမှ ဒုက္ခသစ္စာချုပ်တာကို သဘောကျမှာပေါ့ . . . (မှန်ပါ့)။

ဒုက္ခသစ္စာမှမသိတာ ကို၀၊ ဖုံးပစ်လိုက်တယ် ဒုက္ခသစ္စာကို (မှန်ပ့ါ) သဘောကောကျရဲ့လား (မကျပါဘူး) ဩော်. . . မကောင်းမှန်းသိမှသာ သူမရှိရင် ကောင်းလေစွ လာမှာဖြစ်တယ်။

သူ့မှာ ဒုက္ခသစ္စာမသိတဲ့ပုဂ္ဂိုလ်ဟာ ဟိုဒုက္ခသစ္စာကို ကော ရ, ရပါလို၏ဆိုတာ လာမလား၊ မလာဘူးလား . . . (လာမှာပါဘုရား)။

ကိုင်း-ဒကာ ဒကာမတို့ ဒီဘ၀ဆင်းရဲဒုက္ခမကပ်ချင် ရင် ဟိုဘ၀ဆင်းရဲဒုက္ခနှင့်တွေ့ရပါလို၏ဆိုတဲ့အဓိပ္ပါယ်ဟာ သူ့ပါးစပ်ကမထွက်ဘူးနော် (မထွက်ပါဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲလို့ . . . (ကောင်းပါတယ်ဘုရား)

ခင်ဗျားတို့လူကြီးသူမတွေ ဒီလိုသစ္စာတရား မနာရ သေးတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဖြစ်ထွေကို ဘုန်းကြီးပြောရမှာဖြင့် ဘ၀ထဲမှာ နေပြီးသကာလ ဘ၀ကိုပင်ပြန်ပြီးသကာလ အမေ မိဘကလည်းရဲကြောင်း ယူကြောင်းကိုပဲဟောလေ့ရှိတယ်၊ ဒုက္ခသစ္စာကိုမသိ၊ ဘာရကြောင်း ယူကြောင်းကို ဟောလေ့ရှိ သလဲ (ဒုက္ခသစ္စာကိုပါဘုရား)။

ဒုက္ခသစ္စာရကြောင်းကိုဟောလေ့ရှိတယ်ဆိုတော့ ကိုပေါ် သိပ်ကြောက်စရာကောင်းတယ် (ကောင်းပါတယ်) အဲတော့ ဘ၀အဆုံးကို မသိလို့ဆိုတော့ ဒကာ ဒကာမတို့

ဘုန်းကြီးက ဒါကြောင့် တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်လိုက်စမ်းပါ။

လိုက်လို့ရှိရင်ဖြင့် ဒီခန္ဓာကြီးဟာ ဆုံးသွားပါလိမ့်မယ်လို့၊ နတ်သားကို၊ ဘုရားကမဟောဘူးလား . . . (ဟောပါတယ်) ဟောတော့ ဆုံးသွားတဲ့အခါကျတော့ ဩော်-ဒါဘာဆုံးပါလိမ့်မလဲဆိုတော့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်ကြီးရသားပဲ၊ ဝေဒနာသား၊ ကေဝလသာ ဒုက္ခက္ခန္ဓသာဆိုတော့ တစ်ကိုယ်လုံးကိုဆိုတာ (မှန်ပါ)။

ဒါဖြင့် ဒုက္ခအစုကြီးလို့ မဆိုဘူးလား (ဆိုပါတယ်) အဲဒါတွေဆုံးသွားရင် ဘာဆိုကြမလဲ . . . (နိရောဓပါဘုရား) အဲတော့ ဒီအနားတွင်ရှိတယ်၊ ဒီခန္ဓာအဆုံးမှာတွေ့မယ် (မှန်ပါ) ဖြစ်ပျက်အဆုံးမှာ (တွေ့ပါတယ်ဘုရား)။

ဖြစ်ပျက်အဆုံးမှာတွေ့နေတာကို ဘုန်းကြီးတို့ ဒကာဒကာမတွေက ဩော်-ဘဝသာလျှင် လိုချင်တောင့်တတော့အခုလည်း ဖြစ်ပျက်ဒုက္ခသစ္စာ နောင်လည်းဖြစ်ပျက်ဒုက္ခသစ္စာနဲ့ဆိုတော့ ယုန်သဘောပြန်ရောက်နေတယ် (မှန်ပါဘုရား)။

မြေပေါ်ကနေခုန်တယ်၊ မြေပေါ်ပြန်ရောက်တယ်၊ ဘယ်လောက်များဆိုးသလဲ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## သစ္စာမသိရင် သိအောင်တရားနာပါ

အဲဒါကြောင့် ခင်ဗျားတို့ သစ္စာမသိသေးလို့ရှိရင် မသိသိအောင်လည်း နာကြပါ၊ မသိသိအောင်လည်း ခန္ဓာ ရှုပါ (တင်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဒီတရားအသာလေးထားပါတဲ့ ခင်ဗျားတို့ ကြည့်တတ်တဲ့အသိကို ကြားထိုးပေးတာပါ၊ သဘောကျ ပလား (ကျပါပြီ)။

ကြည့်တတ်တဲ့အသိကြားထိုးပေးတော့ ဘာမှ ဒကာ ဒကာမတို့ သိပ်မတွေးနဲ့ သစ္စာဆိုတာ ဘာပါလိမ့်မတုံး၊ ဒုက္ခ သစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတာကို သံသယမဖြစ်နဲ့နော်။

ခင်ဗျားတို့ သန္တာန်၌ ဥပမာမယ်-ယားတယ်၊ ယား တာ ဝေဒနာပဲဆိုတာ လူတိုင်းသိပါတယ်၊ ဒုက္ခဝေဒနာပဲဆို တာ သိတယ် (မှန်ပါ့) ဝေဒနာက္ခန္ဓာကလေးဆိုရင်ကော မမှန် ဘူးလား (မှန်ပါတယ်)။

ဒီဝေဒနာက္ခန္ဓာကလေးမရှိတာ ဒါဘာမရှိတာတုံး မေးရင် ခန္ဓာမရှိတာ . . . (မှန်ပါ့) ဘာမရှိတာပါလိမ့် . . . (ခန္ဓာမရှိတာပါ) ရှင်းပလား (ရှင်းပါပြီ)။

ခင်ဗျားတို့ခန္ဓာက ဝေဒနာက္ခန္ဓာမဟုတ်လား (မှန်ပါ) ဒီဝေဒနာက္ခန္ဓာကလေးက ယားလာတယ်၊ နောက် ချုပ် ပျောက်သွားတယ်၊ ဘာမရှိတုံးလို့ . . (ခန္ဓာမရှိတာပါဘုရား)။

ဒီဝေဒနာက္ခန္ဓာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ ဘုရား) ဒုက္ခသစ္စာလေးမရှိတာကို ခင်ဗျားတို့မြင်အောင်ကြည့် ပါ (မှန်ပါ့)၊ အဲ ဒုက္ခသစ္စာဆိုတာ ဘာတုံးလို့ မေးတဲ့အခါကျ တော့ ဖြစ်ပေါ်မှုနှင့် ပျောက်ဆုံးမှု (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ) ဖြစ်ပေါ်မှုနဲ့ . . . (ပျောက်ဆုံးမှု)။

အဲဒါဒုက္ခသစ္စာပဲ၊ ခင်ဗျားတို့က စာကြီးထဲမှာ သစ္စာ ဆိုတာ တယ်လည်း နက်နဲတယ်နော်၊ သိပ်ခက်တယ်နော်၊ ဆရာဘုန်းကြီးကဟောတော့ ဟောရှာပါရဲ့၊ သိပ်ခက်တယ် နော်ဆိုပြီး ကိုဝတို့ နောက်မဆုတ်ပါနဲ့ (မှန်ပါ့)၊ ဦးသန်းတို့ နောက်မဆုတ်ပါနဲ့ (မှန်ပါ့) ကိုပေါ် (မဆုတ်ပါဘုရား) အားလုံးတရားနာနေတဲ့ ဒကာ ဒကာမတို့ . . . (မဆုတ်ပါ ဘုရား) မဆုတ်နဲ့နော်။

## ဖြစ်ပြီးပျက်တာမှန်သမျှ – သစ္စာ

သစ္စာဆိုတာက တခြားလားမှတ်နေတယ်ဆိုတော့ ဘာမှမဟုတ်ဘူးတဲ့၊ ဖြစ်ပြီးပျက်တာမှန်သမျှ သစ္စာလို့မှတ်ပါ (မှန်ပါ) ဖြစ်ပြီးပျက်တာ . . . (သစ္စာပါဘုရား)။

စိတ်ကလေးဖြစ်ပြီး ပျက်တာကော. . . (သစ္စာပါ ဘုရား) ဝေဒနာကလေးဖြစ်ပြီးပျက်တာကော . . (သစ္စာပါ)။

ဩော်-သစ္စာဆိုတာ တခြားလားမှတ်တယ် ဒကာ

ဒကာမတို့ ဝေဒနာပေါ် ဝေဒနာသဘောစွန့်ရင် သစ္စာ (မှန်ပါ့) သစ္စာဟာ သူ့သဘောစွန့်ရင်သစ္စာ၊ လောဘဟာ လောဘသဘောစွန့်ရင် သစ္စာ၊ ဒေါသဟာ ဒေါသ သဘော စွန့်ရင် . . . (သစ္စာပါဘုရား)။

သစ္စာဆိုတာ ပင်ကိုသဘောစွန့်တာဟူသရွေ့ကို သစ္စာချည့်မှတ်ပါ၊ ရှင်းကြပြီလား. . . (ရှင်းပါပြီ) ပင်ကို သဘောစွန့်တာဟူသရွေ့ (သစ္စာပါဘုရား)။

## ပင်ကိုသဘောစွန့်တာ ဒုက္ခသစ္စာ

ယားတာကလေးဟာ ကိုဝ၊ ယားတာကလေးမရှိ တော့ ယားတဲ့ပင်ကိုသဘောကို မစွန့်ဘူးလား (စွန့်ပါတယ်) သူ့ဘာသစ္စာဆိုမလဲ. . . (ဒုက္ခသစ္စာပါဘုရား) စားချင်တဲ့ စိတ်ကလေးဟာ အခုစားချင်တာကို မစားချင်တော့ဘူး ဆိုတော့ စားချင်တဲ့သဘောသူ မစွန့်ဘူးလား .စွန့်သလား (စွန့်ပါတယ်)။

စားချင်တဲ့စိတ်ကလေးဟာ ဒီခဏပျက်သွားတော့ ပင်ကိုသဘောစွန့်မသွားဘူးလား . . . (စွန့်သွားပါတယ်) သူ့ဘာသစ္စာခေါ်မလဲ . . . (ဒုက္ခသစ္စာပါ)။

ဒေါသကလေးဟာ သိပ်ဖြစ်နေတယ်ကွဆိုတော့ ပေါ်လာပြီ၊ တော်ပါပြီကွာ ဒေါသအလကားပါပဲဆိုတော့

ဒေါသသဘောကလေးဟာရှိသေးရဲ့လား . . . (မရှိပါဘူး) ဒေါသရဲ့ပင်ကိုသဘောမစွန့်ပါလား . . . (စွန့်ပါတယ်) အဲဒါ ဘာခေါ်ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား) ဒါသစ္စာပဲတဲ့ ဒုက္ခသစ္စာ။

ဒကာ ဒကာမတို့ သစ္စာ၊ သစ္စာဆိုတာ သိပ်ခက်ပါလား ဆိုတော့ အမြင်မှားနေပြီးသကာလ တယ်နက်နဲတဲ့ တရားလို့ အရုပ်ဆိုးတယ်။

စင်စစ်တော့ဖြင့် ခင်ဗျားတို့ သန္တာန်ပင်ကိုသဘော စွန့်တာဟူသရွေ့ သစ္စာချည့်မှတ်လိုက် (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ) ပင်ကိုသဘော စွန့်တာဟူသရွေ့. . . (သစ္စာပါဘုရား)။

## ခန္ဓာကြီးကဒုက္ခသစ္စာ

ဩော်-ဒါဖြင့် ခန္ဓာထဲမှာ ပင်ကိုသဘောမစွန့်တာ ရှိသေးရဲ့လား. . . (မရှိပါဘုရား) ဒါဖြင့် ဒီခန္ဓာကြီး ဘာသစ္စာခေါ်မလဲ . . . (ဒုက္ခသစ္စာပါ)။

ဘာကြောင့် ကိုဝတို့ ကိုပေါ်တို့ ဒုက္ခသစ္စာခေါ်ရ သလဲ . . . (ပင်ကိုသဘောစွန့်လို့ပါဘုရား) ပင်ကိုသဘော စွန့်တာမှ တစ်ပါးဘာမှမရှိဘူး. . . (မှန်ပါ) အင်း-ဝေဒနာ ပဲကြည့်ပါတဲ့ တော်ကြာသူ့သဘောစွန့်သွားတယ်။

သညာကြည့်လိုက်ပြန်လည်း (သဘောစွန့်ပါတယ်) မှတ်တတ်တဲ့သညာပေါ်တယ်၊ ဟောမမှတ်မိပြန်ဘူးဆိုတော့ သညာသဘောစွန့်တယ် (မှန်ပါ့) စေတနာကြည့်လိုက်ပြန်တယ် ဟော စေတနာကောင်းလိုက်တာ ဟော-မလှူတော့ဘူးဆိုတော့ စေတနာသဘောဟာ ဘယ့်နှယ်လဲ (စွန့်ပါတယ်) ဒါဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတို့ တခြားတဖုံလားလို့အောက်မေ့မနေနဲ့ မဟုတ်ပါဘူး (မှန်ပါ့) ဒီခန္ဓာငါးပါးကြီးဟာ သူ့ပင်ကို သဘောစွန့်တာတွေရှိနေတာ (မှန်ပါ) ဒါဖြင့် ခန္ဓာငါးပါးဟာ တစ်ပါးပါး စိုက်ကြည့်နေရင် ပင်ကိုသဘောစွန့်တာတွေ့ပါလိမ့်မယ် (မှန်ပါ့)။

## ပင်ကိုသဘောစွန့်မှန်းသိတာက မဂ္ဂသစ္စာ

ပင်ကိုသဘောစွန့်ရင်ဘာဆိုကြမယ်. . . (သစ္စာပါဘုရား) အဲ-အဲဒီ ဒုက္ခသစ္စာမြင်အောင်ကြည့်ပါ။ ဩော် ပင်ကိုသဘောစွန့်တာက ဒုက္ခသစ္စာ စွန့်မှန်းသိသွားတာက မဂ္ဂသစ္စာ (မှန်ပါ့ဘုရား)။

ဩော် ဘယ်ခန္ဓာကြည့်လိုက်၊ ကြည့်လိုက် ဗြဟ္မာခန္ဓာကြီးသွားကြည့်လိုက်လည်း ပင်ကိုသဘောစွန့်တာပဲ တွေ့မှာပဲ (မှန်ပါ့ဘုရား) နတ်ခန္ဓာကြီး ကြည့်လိုက်တော့လည်း (ပင်ကိုသဘောစွန့်ပါတယ်ဘုရား)။

ဒီလို ခဏာခဏာတွေ့တဲ့အခါကျတော့ ဩော်-သူမရှိမှု ကောင်းမှာပဲ ပင်ကိုသဘောစွန့်တာကြီးဟာ ပေါ်လိုက်၊ စွန့်လိုက်၊ ပေါ်လိုက် စွန့်လိုက်၊ ဖြစ်ပေါ်လိုက်၊ ပျောက်ပျက်လိုက် ဖြစ်ပေါ်လိုက် ပျောက်ပျက်လိုက်၊ ဒါမရှိတဲ့နေရာမှ ချမ်းသာမှုပဲဆိုတာ သစ္စာသိတဲ့ ပုဂ္ဂိုလ်ဟာ၊ ဒီဉာဏ်ပြောင်းသွားတယ်၊ မပြောင်းပါနဲ့ဆိုလို့ (မရပါဘုရား)။

## ဘုန်းကြီးက ထိုးထိုးထွင်းထွင်းသိစေချင်လို့

အဲဒီမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ထိုးထွင်းပြီးသိစေချင်လို့ ဖြစ်ပျက်ရှုကြပလားဟေ့ ဖြစ်ပျက်ကို မြင်ပလားဟေ့၊ မြင်ရင်ကော စိပ်ပလားဟေ့၊ ကဲ ကိုဝတို့ ကိုပေါ်တို့၊ မေးထိုက် မမေးထိုက်. . . (မေးထိုက်ပါတယ်ဘုရား)။

ဘယ်လောက်အရေးကြီးတဲ့တရားလဲ ဒီအမေးတစ်ခု (ကြီးပါတယ်ဘုရား) အင်မတန်ကြီးတာပေါ့၊ မင်းသစ္စာ သိပလားဟေ့ မေးတာ မင်းသစ္စာသိတဲ့တစ်နေ့ သူ့ဘဝသူမြုပ်တော့မှာလား၊ မမြုပ်တော့ဘူးလား . . . (မမြုပ်တော့ပါဘုရား)။

သူ့ဘဝသူ မမြုပ်တော့လို့ရှိရင်ဖြင့် နောက်ဒီခန္ဓာမျိုးရမည့် ဘဝမျိုးဟာ ဗြဟ္မာဖြစ်ရ ဖြစ် [illegible]တ်မင်းကြီးဖြစ်ရ

ဖြစ်ရ၊ သိကြားမင်းကြီးဖြစ်ရ ဖြစ်ရ၊ ကိုယ့်ဘဝ၏ ပင်ကို သဘောစွန့်တယ်ဆိုတော့ ဟိုဟာတွေလည်း ဒီအတိုင်းပဲလို့ မလာပေဘူးလား (လာပါတယ်)။

အဲတော့ ဘဝကင်းရာသာကြိုက်ပါတော့တယ် (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား) ဘဝ ကင်းရာသာကြိုက်ပါတော့တယ်ဆိုတာ သေသေချာချာ လာ တော့တယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

## အမြင်မှားတဲ့ဘေးသင့်နေတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်ဘေးသင့်သတုံးလို့ ဆိုလို့ရှိရင်ဖြင့် စဉ်းစားကြည့်ပါတဲ့၊ အမြင်မှားတဲ့ ဘေးသင့်နေ တယ် (မှန်ပါ)။

အသန္တိဋ္ဌိတောဝါ-အမြင်မှားတဲ့ဘေးမှလည်းကောင်း ဘေးတွေမလာဘူးလား (လာပါတယ်ဘုရား) အသန္တိဋ္ဌိတော ဝါ - (အမြင်မှားတဲ့ဘေးသင့်ပါတယ်)။

ကိုင်း-ခင်ဗျားတို့မှာဟိုဘဝခင်တယ်၊ ဒီဘဝဆင်းရဲနေ တယ်၊ ဟိုဘဝချမ်းသာတယ်၊ ဒီဘဝတော့ဖြင့် ဒို့စားရမဲ့ သောက်ရမဲ့ဖြစ်နေတယ်၊ ငွေရင်းလိုက်ပြန်လည်း အကျိုး မပေး . . . (မှန်ပါ့)။

အရောင်းအဝယ် လုပ်ပြန်လည်း အရှုံးနဲ့ကြုံ၊

နည်းနည်းလေးမြတ်မယ်၊ စွန်းမယ်ကြဲပြန်တော့လည်း၊ မြတ်တာလေး ရပြန်တော့လည်း အိမ်ကလူ မမာနဲ့ကုန်၊ ခင်ဗျားတို့က ဒါတွေနဲ့ရှုပ်နေပြီပေါ့ဗျာ၊ မကုန်ဘူးလား (ကုန်ပါတယ်)။

အဲဒီအချိန်ကျတော့ ကိုင်း-နောက်ဆိုအလှူဒါနပြုပြီး သီလစင်ကြယ်မှပဲ၊ နောက်ဘဝချမ်းသာတော့မှာပဲ၊ သူဘာပြုတယ်ဆိုတာပါသေးသလား (မပါ,ပါဘုရား) ပါသေးရဲ့လား (မပါ,ပါဘူး)။

သူ့ဟာ ယုန်မဖြစ်သေးဘူးလား (ဖြစ်ပါတယ်) ဒီနေရာကျင်ကြီးပုံ၊ ဒီနေရာကျင်ငယ်စွန့်ရတယ်၊ ဒီမြေပေါ်ဖြင့် မနေတော့ပါဘူးဆိုပြီး ထခုန်သော်လည်း၊ ဒီမြေပေါ်ပဲ ပြန်ကျရတယ် (မှန်ပါ) ဒီကျင်ကြီးပုံနဲ့ ကျင်ငယ်စွန့်တဲ့နေရာပဲ ပြန်ကျရတယ်၊ ဒီပြင်တခြားကျစရာများရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## သစ္စာမသိလို့ဘဝတဏှာဆွဲရာကကြရတယ်

အင်း-သစ္စာမသိသေးလို့ရှိရင် ခန္ဓာမသိသေးလို့ရှိရင် ခန္ဓာထဲမှာ ဖြစ်ပျက်ကို မသိသေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘဝတဏှာဆွဲရာ ကရမှာပဲ၊ ဘယ်လို ဆိုကြမယ်. . . (ဘဝတဏှာဆွဲရာကရမှာပါဘုရား) ဘဝတဏှာဆွဲရာ ကရမှာပဲ။

ဒီဘ၀လည်း ကိုယ့်သားသမီးလေးနဲ့ ကိုယ့်စီးပွားရေးနဲ့ ရောင်းချင်သေးလို့ရှိရင်ဖြင့် ဩော်-ဒီဘ၀နေ့စဉ်ပျော်ပဟာဆိုတော့ ဘ၀တဏှာလာသေးတာပဲ မလာဘူးလား. . . (လာပါတယ်)။

ဘ၀တဏှာလာတော့၊ တဏှာဥပါဒါန်ကံဆိုပြီး သကာလ ခင်ဗျားတို့နောက်ဘ၀ပြန်မဆက်ပေဘူးလား (ဆက်ပါတယ်) တဏှာ၊ ဥပါဒါန်၊ ကံ၊ ကမ္မပစ္စယာ (ဇာတိ) ကဲ ဘ၀ပြန်ဖြစ်တယ် (မှန်ပါ)။

ဒီဘ၀ပြန်လိုချင်လို့ရှိရင်လည်း ဘ၀ပြန်ဖြစ်တယ်၊ သဘောကျပလား. . . (ကျပါပြီ) အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တူပုန်းရင်းဟောရှာတယ်။

ဘ၀ဆိုတာ ငါသိတယ်ကွာ၊ ဘ၀လွတ်ရာငါရှာတော့ ဘ၀ထဲချည်းပြန်ပြန်ရောက်နေတယ်။ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဘ၀လွတ်ရာသူရှာပါတယ်တဲ့ (မှန်ပါ့) ဘယ်ပြန်ရသလဲ (ဘ၀ထဲချည်း ပြန်ရောက်ပါတယ်) မြေမုန်းလို့ ခုန်တဲ့ယုန်လည်း မြေပေါ်ပဲပြန်ကျတယ်။

သာသနာပမှာ ငါရှာခဲ့တာ၊ ဒါကြောင့်ကွာတဲ့ ဘ၀ကိုငါမုန်းပါတယ်၊ အိုလာတော့လည်း ငါ့ကိုယ်ငါမုန်းပါတယ်၊ နာတာကိုလည်းမုန်းပါတယ်တဲ့၊ မုန်းပင်မုန်းငြားသော်လည်း

ဘဝကင်းရာကိုရှာဖြူးသော်လည်း၊ ဩော်အသက်တိုတိုဖြစ်ရတော့ အသက်ရှည်တဲ့ဖြဟ္မာကြီးဟာ ကောင်းနိုးနိုးဆိုတော့ ဘဝပြန်ကျတယ်။

ဘယ်လောက်ဆိုးဝါးသလဲ၊ သဘောပါပလား (ပါ,ပါပြီ) အဲဒီ ဒကာ ဒကာမတွေကလည်း အခုဘဝတိုင်တိုင်ဖြစ်တုံးရှိသေးတယ်၊ သူတို့က ချမ်းသာတယ်၊ နောက်ဘဝလည်း သူတို့လိုချမ်းသာအောင်လုပ်မှုပဲ၊ ဘဝပြန်ကျတယ် (တင်ပါ့) မကျဘူးလား . . . (ကျပါတယ်)။

## လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုတာ

ဘဝဆိုတာ ဘာသစ္စာတုန်းဆိုတာ အကဲခတ်လိုက်စမ်းပါ၊ (ဒုက္ခသစ္စာပါဘုရား) အေးလူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဆိုတာ ဒုက္ခသစ္စာတွေ၊ ဒီဒုက္ခဲပျောင်းလို့ သူတွေကဆိုရင် နောက်ပြန်လိုက်ပြန်တော့ ဘယ်ပြန်ရလဲ၊ ဟိုဒုက္ခပြန်ရတယ် (မှန်ပါ့) မရဘူးလား . . . (ရပါတယ်)။

ဒါ-ဘာမသိလို့ပါလဲ. . . (သစ္စာမသိလို့ပါ) နိရောဓသစ္စာ သူမသိဘူး (မှန်ပါ့) ဒုက္ခသစ္စာလည်းသူမသိဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီ) သိပြန်တော့လည်း သစ္စာဆိုက်အောင်၊ ဖြစ်ပျက်ကျအောင် သူမသိဘူး (မှန်ပါ့) ကာယိကဒုက္ခ၊ စေတသိက ဒုက္ခ၊ ဆင်းရဲတာကို ဒါလောက်ပဲသိမယ်တဲ့

သစ္စာအနုလောမိကဉာဏ်ဆိုက်တဲ့အထိ သူသိပါရဲ့လား (မသိပါဘူး)။

အေး-မသိတဲ့အခါကျတော့ ဒီဘဝမှာ အကုန်လုံး စားရမဲ့ သောက်ရမဲ့ဘဝ၊ ပစ္စည်းမဲ့လူတန်းစား၊ ကျောမွဲ၊ အင်း- နောက်ဘဝဖြင့် လျှမယ်လို့ စိတ်ထဲ၊ နောက်ဘဝ ကောင်းကောင်းဖြစ်အောင်လုပ်မှာပဲ၊ ဆောက်တည်တဲ့လူ ကလည်း နောက်ဘဝအကောင်းချည်းဖြစ်အောင် ဆောက်မှာ ပဲဆိုတော့ သွားပြီပေါ့ (မှန်ပါ့)။

မြေမုန်းခဲ့တဲ့ ယုန်ကလေးနော် ဘယ်အပေါ်ကျလဲ (မြေပေါ်ကျပါတယ်) သွားပြီ ခင်ဗျားတို့ သစ္စာသိဖို့ ဘယ် လောက်အရေးကြီးသလဲ . . . (ကြီးပါတယ်ဘုရား) ပေါ်ကြ ပလား (ပေါ်ပါပြီ)။

## ဖြစ်ပျက်မြင်လို့မရချင်မှ နိရောဓသစ္စာရမယ်

ကိုင်း-ခင်ဗျားတို့ ဖြစ်ပျက်ဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ) ဒီဖြစ်ပျက်မျိုး ခဏခဏမွေး၊ ခဏခဏသေတဲ့ ခန္ဓာမျိုး ရချင်သေးရဲ့လား (မရချင်ပါဘုရား)။

အဲ-ဖြစ်ပျက်မြင်လို့မရချင်ဘူးဆိုတော့မှ ဩော်-ဖြစ် ပျက်ဆုံးမှ အေးမှာပဲ (မှန်ပါ့) မလာဘူးလား၊ လာမလား. . . (လာမှာပါဘုရား) ဖြစ်ပျက်ဆုံးမှ အေးမှာပဲဆိုတော့ ဖြစ်ပျက်

က ဒုက္ခသစ္စာ ဆုံးသွားတော့ အေးဒါက နိရောဓသစ္စာ (မှန်ပါ့)။

ဒီတော့ ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်မှ နိရောဓသစ္စာကိုရမယ် (မှန်ပါ့) ဖြစ်ပျက်သိတဲ့ပုဂ္ဂိုလ်မှ ဖြစ်ပျက်အဆုံး နိရောဓသစ္စာကို သူကြိုက်မယ် (မှန်ပါ့) ဖြစ်ပျက်ဘာမှ မသိသေးတဲ့ပုဂ္ဂိုလ်က ကြိုက်ပါ့မလား (မကြိုက်ပါဘုရား)။

## သစ္စာအနုလောမိကဉာဏ်ဆိုတာ

အေး-ဒါကြောင့် ဒကာ ဒကာမတို့ မူလဋီကာဆရာ ဖွင့်တဲ့အတိုင်း အင်း. . . သစ္စာအနုလောမိက ဉာဏ်လမ်းသည် ဝိပဿနာဉာဏ်ကွတဲ့ သစ္စာအနုလောမိကဉာဏ်ဆိုတာဘာလဲ. . . မင်းတို့ရှုနေတဲ့ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်ကွ၊ သေသေချာချာဖွင့်တယ်၊ သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့ဖြစ်ပျက်မြင်တဲ့ဉာဏ်သည် သစ္စာသိတဲ့ဉာဏ်တဲ့၊ သဘောကျပလား. . . (ကျပါပြီ) ပေါ်ကြပလား (ပေါ်ပါပြီ)။

## ဆရာဘုန်းကြီးကနေ့တိုင်းတိုက်တွန်းနေတယ်

အဲဒါဖြင့် ဘုန်းကြီးက ဖြစ်မှုနဲ့ ပျက်မှုကွာ အာရုံမှာမိအောင် ရှုကြစမ်းပါ၊ စောင့်ကြည့်ပြီး မိအောင်ရှုစမ်းပါ၊

ဆရာဘုန်းကြီးက တိုက်တွန်းလိုက်တာမှ နေ့တိုင်းလိုလိုပဲ ဆိုသလိုပဲ၊ မတိုက်တွန်းဘူးလား (တိုက်တွန်းပါတယ်)။

ဘာသိစေချင်လို့များပါလိမ့် (သစ္စာသိစေချင်လို့ပါ) သစ္စာသိစေချင်တော့ ခင်ဗျားတို့ကလည်း သာဝကအဖြစ်နဲ့ သာသစ္စာသိပြီး အသာဝက ဖြစ်တဲ့ ဘုံမဲ့တဲ့သစ္စာမသိတော့ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာ လေထိုး၊ ရင်ကြပ် ဒါကို သာ ဒုက္ခသစ္စာထင်ပြီး သကာလနေတော့ ဒါကလေးကိုတော့ ဖြင့် ဒီဘဝရောဂါရှိရင် နောက်ဘဝရှင်ဗာကူဖြစ်ရပါလို၏။ ဖြစ်မှာပေါ့ဗျ (မှန်ပါ့)။

## ရှင်ဗာကူဖြစ်ချင်ရင် ဒုက္ခသစ္စာ

ဒီဘဝအနာများတယ်၊ နောက်ဘဝ ရှင်ဗာကူဖြစ်ရပါ လို၏ဆိုတော့ ဘာထူးဦးမှာလဲ (မထူးပါဘုရား) အို၊ နာသေ တွေကကော လွတ်မှာလား . . . (မလွတ်ပါဘုရား)။

အဲဒီကျအောင် ကျုပ်တို့မှာ သစ္စာမသိတော့၊ မိုက် ချက်က သန်လွန်းတယ်လို့ ကိုပေါ်မဆိုထိုက်ဘူးလား (ဆို ထိုက်ပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒါဘယ်သူဟောနေ တာတုံးဆိုတော့ တူပုန်းရင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ဟောနေတယ်လို့ အောက်မေ့ပါ (မှန်ပါ့)။

တူတူပုန်းရင်း ဟောနေတာ၊ သစ္စာချည်းဟောနေ

တာ၊ သဘောကျပလား (ကျပါပြီ) ဘာသစ္စာဟောနေလဲ (ဒုက္ခသစ္စာပါဘုရား)။

ဘဝဟောင်းကကွာတဲ့ ငါသည် ဘဝမုန်းပါတယ်၊ မုန်းပင် မုန်းငြားသော်လည်း ဘဝထဲချည်း ပြန်ပြန်ရောက်နေတယ်ဆိုတော့ ဘဝမုန်းတဲ့ဉာဏ်လေးတော့ လာပါရဲ့တဲ့ ဘဝထဲချည်းပြန်ကျနေတယ်။

ယခုတော့ဖြင့်ကွာ ဘဝကိုလုံးလုံးမှမနှစ်သက်တော့ပါဘူးဆိုတော့ ဘဝချုပ်ရာနိဗ္ဗာန်ဘဝ၊ မနှစ်သက်တာက မဂ်ဉာဏ်သွားဖြစ်တယ်၊ ခုနက ဘဝထဲပြန်ကျတယ်ဆိုတော့ ဘဝပြန်ကျချင်တာက သမုဒယသစ္စာပြန်ကျတာက ဒုက္ခသစ္စာ ဒီမှာ တူပုန်းရင်း ဟောနေတာ (မှန်ပါ့)။သစ္စာလေးပါးဟောနေတယ် ရိပ်မိပလား (ရိပ်မိပါပြီ)။

ဗြဟ္မာတွေကကြည့်တော့ ဘုရားမြင်သလား (မမြင်ပါဘူး) အသံတော့ (ကြားပါတယ်) ဒါဖြင့် ဘာတရားတွေဟောသလဲ (သစ္စာတရားပါ) သစ္စာတရားဟောတယ်။

## ဗြဟ္မာတွေသစ္စာသိကြပြီ

သစ္စာတရားဟောတော့ ဗြဟ္မာတွေက ဩော်ဒို့သည်ကားလို့ဆိုရင် တစ်သံသရာလုံး ဒီဗြဟ္မာပြည်မှာရောက်နေတဲ့အခါထဲက ခိုင်တယ်၊ မြဲတယ် သုခသစ္စာလို့ ဗြဟ္မာလောက်ချမ်းသာတာမရှိဘူးထင်လိုက်တယ်။

ကြောက်စရာကြီးပါလား၊ ဒုက္ခသစ္စာအစုကြီးနဲ့ တို့သည်ကားလို့ဆိုသဖြင့် ပျော်နေပါလားဆိုပြီး တို့ဟာ ကလေးလေးနဲ့တူနေပြီ၊ ကလေးဟာ ဝမ်းထဲကစွန့်ခါစ ကျင်ကြီးကျတော့ ခပ်နွေးနွေးလေး မနေဘူးလား (မှန်ပါ့) ကလေးလေးတစ်ယောက်မှာပေါ့ဗျာ၊ ဝမ်းထဲကစွန့်စ ကျင်ကြီး ကျတော့ ခပ်နွေးနွေးလေးမနေဘူးလားဗျာ (နေပါတယ်)။

ဝမ်းထဲက အပူဓာတ်တွေစွန့်ရတာကိုးဗျ၊ အဲဒါ ကျတော့ ကလေးလေးဟာ မသိတော့ သူ့ကျင်ကြီးလေးနဲ့သူ လက်နဲ့ကိုင်ပြီး ကစားနေတယ်၊ မကစားဘူးလား. . . (ကစားပါတယ်)။

သူ့ကျင်ကြီးနဲ့သူကစားနေတယ်နော်. . . ရိပ်မိ ပလား . . . (ရိပ်မိပါတယ်) ဒီမှာလည်း ခင်ဗျားတို့သည်တဲ့ ကျင်ကြီး ဒုက္ခသစ္စာကြီးနဲ့ ခင်ဗျားတို့တဏှာနဲ့ရော ပျော်နေ တယ် (မှန်ပါ့)။

ကိုယ့်ကျင်ကြီးကို ကိုင်နေတယ်၊ ကလေးရဲ့စိတ်တွေ မပျောက်သေးဘူးတဲ့၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဦးဘလှိုင်ကြီး က အသက်ကြီးတော့မှ ကလေးကျင်ကြီးကစားခြင်းနဲ့ ဘာထူး သေးသလဲ (မထူးပါဘုရား)။

## ကျင်ကြီးကစားချင်တဲ့စိတ်

မထူးတော့ဘူးနော် . . . (မှန်ပါ) ငါမသေချင်သေးဘူး၊ မသေချင်သေးဘူးကွ၊ ဘာ့ကြောင့်တုံး၊ ဒီမြေးတွေလူလားမြောက်တာကြည့်ချင်သေးတယ်ကွ၊ ကျင်ကြီးကစားပြီ မကစားသေးဘူးလား (ကစားပါတယ်)။

သူမွေးထားတဲ့ သူ့မြေးမဟုတ်လား၊ (ဟုတ်ပါတယ်) အဲဒါလေးတွေနဲ့ သူနဲ့၊ ပခုံးဖက်လိုက်၊ မုန့်တောင်းတာကို ပေးချင်တဲ့စိတ်နဲ့ပျော်လိုက်၊ ကျင်ကြီးကစားချင်တဲ့စိတ်က ပေါ်ပေါ်နေတယ်. . . (ပေါ်ပါတယ်ဘုရား)။

ဒါကြောင့် ဟိုတုန်းက မမြင်လို့ လက်လျှော့လိုက်ရလို့ မပြောတတ်ဘူး၊ ဒါလေးတွေ လူလားမြောက်လာတော့ မျက်စိအောက်ကြည့်ချင်သေးတယ်ဆိုတော့ ဒါလေးတွေနဲ့ ကစားချင်သေးတယ်။

ကိုယ်စွန့်ထားတဲ့ကျင်ကြီးနဲ့ . . . (ကစားချင်ပါတယ်) နွေးနွေးလေးကိုး၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ) အတော်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)။ ခင်ဗျားတို့ နာအောင်ပြောတယ်လို့အောက်မေ့မနေနဲ့ ဒါဖြစ်စဉ် လူတိုင်းနာအောင်ပြောတာလား၊ ဖြစ်စဉ်လူတိုင်းပြောတာလား (ဖြစ်စဉ်ပြောတာပါ)။

အင်း-သားသမီးမို့လို့ မပြတ်ဘူး၊ မွေးတဲ့သားသမီး မို့မပြတ်ဘူးလေ၊ သူတို့ကမွေးတဲ့မြေးကလေးတွေနဲ့ကော (မပြတ်ပါ) ပျော်ချင်ခဲ့သေးတယ်ဆိုတော့ ဒါကလေးတွေက ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား) ကျင်ကြီးဒုက္ခသစ္စာ လေးတွေ (မှန်လှပါဘုရား)။

ဒါလေးတွေနဲ့ ပျော်ချင်ပါသေးတယ်ဆိုတော့ ဒါကလေးက သူ့ဒွါရကထွက်လာတဲ့ကျင်ကြီးကို သူနွေးနွေး လေးနဲ့ ကစားနေတာ၊ အမေက ဒီကျင်ကြီးနှယ်ဆိုပြီး သကာလ သူက မလုပ်ရဘူးလား (လုပ်ရပါမယ်ဘုရား) ရေချိုးပေးလိုက်တယ် ငိုရှာတယ်။

ဒီကလေးက ဘာဖြစ်သလဲ. . . (ငိုပါတယ်) ဘာလို့ ငိုတာလဲ (ရေချိုးလို့ပါ) သူနွေးနွေးလေးသဘောကျနေတယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဘာသဘောကျလဲ (နွေးနွေးလေး သဘောကျပါတယ်) ခင်ဗျားတို့ကလည်း နွေးနွေးလေး သဘောကျနေတယ် ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာသဘောကျလည်း (နွေးနွေးလေးသဘောကျပါ တယ်) သားလေးဆွဲလိုက်၊ သမီးလေးဆွဲလိုက်၊ မြေးလေးတွဲ လိုက်၊ အင်းသူတို့ကိုယ်၌က ခပ်နွေးနွေးကိုး (တင်ပ့ါ) သဘော ပါပလား (ပါ, ပါပြီဘုရား)။

အင်း-ပူလာတော့ဖြင့် တိရစ္ဆာန်ဖြစ်ပါလိမ့်မယ်၊

နွေးနွေးကလေးသာဆိုရင် ငါကလေးဆီသွားဦးမယ်ကွာ၊ ငါ ဒီကလေးပွေ့ချီပြီး လည်လိုက်မဟေ့. . . မလာဘူးလား လာမလား. . . (လာမှာပါဘုရား)။

## ကိုယ့်ကျင်ကြီးနဲ့ ကိုယ်ကစားချင်တယ်

ဒါဘယ်သွားပါလိမ့် (ကျင်ကြီးကစားသွားတာ) သူများစွန့်တဲ့ ကျင်ကြီးလား၊ ကိုယ့်ဟာကိုယ်သွားတဲ့ကျင်ကြီးလား. . . (ကိုယ်ဟာကိုယ်သွားတဲ့ကျင်ကြီးပါဘုရား) ဒါဖြင့် ကိုယ့်ကျင်ကြီးနဲ့ကိုယ်ကစားနေတာပေါ့ (မှန်ပါ့ဘုရား)။

ဒါကြည့်လို့ဆိုရင်ဖြင့် လူကြီးတွေလား ကလေးတွေလား (လူကြီးတွေပါဘုရား)။

ငါသည်တဲ့ ဘဝမှန်းလို့ ဘဝလွတ်ရာကိုရှာဖွေငြား သော်လည်း၊ သာသနာ့တွင်း မကြုံတော့ကို ဘဝထဲကို ပြန်ရောက်ပြီးနေတယ်၊ ဒီကျင်ကြီးပဲ ပြန်ကစားရတယ် (မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒကာ ဒကာမတွေ ခင်ဗျားတို့သစ္စာမသိပြီဆိုမှဖြင့် ကျင်ကြီးတွေကစားပြီး ကျင်ကြီးတွေနဲ့ဖြင့် သြော် သေမင်းနိုင်ငံကို မတတ်သာလို့လိုက်ရတောင်မှ တော်တော်နေပြီးမှ လိုက်ပါရစေ။

အမေလေး နာလိုက်တဲ့ဖြစ်ခြင်း၊ ဘဝတဏှာ ဘယ်

လောက်များ ဆိုးသတုံး (ဆိုးပါတယ်ဘုရား) ကျင်ကြီး ဂုစား ချင်တဲ့ ဇာတ်ထုတ်မသိမ်းချင်တာလား၊ သိမ်းချင်တာလား (မသိမ်းချင်တာပါဘုရား)။

ဘယ်လောက်များ ကိုဝ၊ ဆိုးတယ်ဆိုတာ၊ ပေါ်ရော ပေ့ါ (ပေါ်ပါပြီဘုရား)။ မပေါ်သေးဘူးလား . . . (ပေါ်ပါ တယ်)။

## တူပုန်းရင်းသစ္စာလေးပါးဟောတယ်

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးသည် တစ်ဘဝအဖြစ် ဖန်ဆင်းပြီးသကာလ ဗကပြဟ္မာကြီးကို တူတူပုန်းရင်း သစ္စာလေးပါး ဟောတယ် (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ)။

သစ္စာလေးပါးဟောလိုက်တဲ့အခါကျတော့ ပြဟ္မာ တွေ သံဝေဂရကြတယ်နော်၊ပြဟ္မာတွေကတော့ ဩော် ငါတို့ ထင်ကြေးက အမှားချည်းပါလား၊ ငါတို့ကျင်ကြီးနဲ့ငါတို့ ကစားနေကြပါလား။

သူတို့ခန္ဓာနဲ့သူတို့ပျော်နေတာကိုး (မှန်ပ့ါ) သူတို့ ခန္ဓာက ဒုက္ခသစ္စာပဲ အသုဘ၊ သဘောကျပလား (ကျပါပြီ) ခန္ဓာကဘာလဲ (အသုဘပါ) အသုဘထဲကို ဒုက္ခသစ္စာ (မှန်ပ့ါ)။

## ဖြဟ္မာပေါင်းတစ်သောင်းကျော်ကျွတ်တယ်

အသုဘာဒုက္ခသစ္စာကြီးနဲ့ ဒါကြီးနဲ့ မစွန့်ချင်ဘူး ဆို တော့ အသုဘက ကျင်ကြီး၊ ကျင်ငယ်ပဲ မစွန့်ချင်တာဘဲ မဟုတ်လား . . . (မှန်ပါ့ဘုရား)။ အဲဒါနဲ့ ပျော်နေတယ် ဆိုပြီးတော့ ဩော်မှားလိုက်လေခြင်း၊ မှားလိုက်လေခြင်းဆိုပြီး သကာလ ဖြဟ္မာမျက်လုံးကို ဘုရားပေးတဲ့သစ္စာ အနု လောမိကဉာဏ်မျက်လုံးနှင့် တပ်ပေးလိုက်တော့မှ ဖြဟ္မာ ပေါင်းတစ်သောင်းကျော် ကျွတ်တယ်။

## သစ္စာမနာရရင် နိဗ္ဗာန်မရနိုင်

ဒါ့ကြောင့် သစ္စာမနာရဘဲနဲ့ ဘယ်သူမှ နိဗ္ဗာန် မရောက်ဘူး (မှန်ပါ့) သေသေချာချာမှတ်မိကြပလား . . . (မှတ်မိပါပြီ) သစ္စာမနာရပဲနဲ့ဖြင့် (ဘယ်သူမှ နိဗ္ဗာန်မရောက် ပါဘုရား) ဘယ်သူမှ နိဗ္ဗာန်မရောက်ဘူးဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တထစ်ချသာမှတ်ပေတော့ (မှန်ပါ့ဘုရား)။

နောက်ဆုံးပိတ် ဘာဟောဟော သစ္စာလမ်းဆုံးရ မယ် (မှန်ပါ့) အခုဟောကြမှာပဲမဟုတ်ဘူးလား၊ မဂ်ဆိုက် ဖိုလ်ဆိုက်အောင် သစ္စာမဆိုက်သေးလို့ရှိရင်ဖြင့် မဂ်ဆိုက် ဖိုလ်ဆိုက် ဘယ်သူမှမရသေးဘူး။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး သစ္စာသံယုတ်မှာ ဟောတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

ငါဟော - လူတစ်ယောက်က တိုင်မပါဘဲနဲ့ အိမ်မှာ အခြင်တွေ ဒိုင်းတွေကြဲခဲ့တယ်ဆိုရင် ကိုဝတို့ ကိုပေါ်တို့ ဦးကံသာတို့က ယုံရမှာလား (မယုံပါဘုရား)။ ဒါကြောင့် တိုင်မပါဘဲနဲ့ ဒီဒိုင်းတွေ ဘယ်သွားမြဲမှာလည်း (မမြဲပါဘုရား)၊ တိုင်တို့ ယောက်တို့မပါဘဲနဲ့များ (မမြဲပါဘူး) ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘူး)

သစ္စာမသိဘဲနဲ့ကွာ ငါသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ခဲ့တယ်ဆိုလို့ရှိရင်ဖြင့် အဲဒီတိုင်မပါဘဲနဲ့ ဒိုင်းကြဲတယ်ဆိုတော့ လူလိမ်၊ လူကောက်စကားလို့မှတ်ပါ။

သစ္စာမပါရင် နိဗ္ဗာန်ဘယ်သူမှ မရဘူးဆိုတာ မင်းတို့ တထစ်ချမှတ်ပါ၊ သဘောကျပလား. . . (ကျပါပြီ) ကောင်းကောင်း ရှင်းပါပလား. . . (ရှင်းပါပြီ)။

ဒါကြောင့် အခုဖြဟ္မာပေါင်းတစ်သောင်းကျော်၊ ကိုဝတို့ ကိုပေါ်တို့ ဦးဘတို့ ကျွတ်သွားတာဘာဟောလို့လဲ (သစ္စာဟောလို့)။

## လက်ညှိုးထောင်ရင်ယူဇနာတစ်သောင်းလင်းတယ်

သစ္စာဟောလိုက်တော့ အဲဒီအကြောင်းကို ဗြဟ္မာမျက်လုံးဟာ ခင်ဗျားတို့ကအတော်ကြည့်တယ်လို့ ခင်ဗျားတို့က အောက်မေ့တယ်၊ လက်ညှိုးတစ်ချောင်းထောင်ရင် ယူဇနာတစ်သောင်းလင်းတယ်ဆိုတော့ အကုန်မြင်နိုင်တယ်။ မမြင်ဘူးလား. . . (မြင်ပါတယ်) သစ္စာကျတော့. . . (မမြင်ပါဘုရား)။

မမြင်လို့စ,ဟောယူရတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)၊ အဲဒီတော့မှ ဗြဟ္မာပေါင်းတစ်သောင်း ကျွတ်ပြီးသကာလ သွားတယ်။

## ဗကဗြဟ္မာကြီးလည်းကျွတ်တယ်

ဗြဟ္မာပေါင်းတစ်သောင်းကျွတ်ပြီးသကာလ သွားတော့ ဗကဗြဟ္မာလည်းဒီအထဲမှာ အပါအဝင်ဖြစ်တယ် နော်၊ မာရ်နတ်က တစ်ခါတည်း ဟိန်းဆိုပြီး ဗြဟ္မာ့ပြည် တက်လာတယ်။

ငါ့ရှေ့မှာ ငါ့နေရာလွန်သွားခဲ့ပြီ၊ ဗြဟ္မာပေါင်း တစ်သောင်းဆိုပြီးသကာလ၊ ရှင်ကြီးဂေါတမ ရှင်ကြီးဂေါတမ သည် ဘုရားအဖြစ်ကိုရောက်လာလို့ရှိရင် ကိုယ့်ဟာကို ဖလသမာပတ်ကို ဝင်စားနေပါလား၊ ဘယ်လူကိုသစ္စာတရား လည်ဟောနေဖို့ လိုသေးသတုံး။

## မာရ်နတ်ကဖြောင်တိုက်တယ်

တစ်ခါတည်းသူကနေဖြောင်တိုက်တော့တာပဲ၊ အခု သစ္စာဟောလို့ ဖြဟ္မာအပေါင်းတစ်သောင်းကျွတ်သွားပြီ (မှန်ပ့ါ) ကိုယ့်ဟာကိုယ် ဘုရားဖြစ်ချင်လို့ ဘုရားဆုတောင်းတဲ့ ဥစ္စာပဲ၊ ကိုယ့်ဟာကိုယ် အေးအေးနေတာပေ့ါ ဖလသမာပတ် ဝင်စားပါလား၊ နောင်ကိုသစ္စာဘယ်သူ့မှ မဟောပါနဲ့လို့ သေသေချာချာ ကန့်ကွက်တာပဲ။

သစ္စာဘယ်လောက်အရေးကြီးဆိုတာ (အရေးကြီးပါ တယ်) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ကိုင်း ဒကာဒကာမတွေ ဘာတရားကို နေ့တိုင်း နာရသလဲ. . . (သစ္စာတရားပါဘုရား) သစ္စာတရား နေ့တိုင်းနာရတော့ သစ္စာဆိုတာ ဘာတုံးမေးပြန်တော့ ခင်ဗျားတို့ ခင်ဗျားတို့ခန္ဓာထဲမှာ ဘယ်ဟာပါလိမ့် . . . (ဖြစ်ပျက်ပါ)။

အဲ ဖြစ်ပျက်ဒုက္ခသစ္စာ (မှန်ပ့ါ) ဒါ မြင်အောင်ကြည့် နေဖို့ပဲ (မှန်ပ့ါ) ရှင်းကြပလား . . . (ရှင်းပါပြီ) ဒါ မမြင် သေးလို့ရှိရင်ဖြင့် ခင်ဗျားတို့တဲ့ သစ္စာအနုလောမိကဉာဏ် မရသောကြောင့် မဂ်ဉာဏ်မရနိုင်ဘူးတဲ့။

မြဲတဲ့မဂ်ဉာဏ် မရနိုင်ဘူး၊ မြဲတဲ့မဂ်ဉာဏ်မှ မရလို့

ရှိရင် သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်လိမ့်မယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်က ဘယ်တော့မှ မယုံကြည်နဲ့ဟော့တဲ့ (မှန်ပါ့ဘုရား)။

သစ္စာမသိဘဲနဲ့ ငါသောတာပန်တည်လိမ့်မယ်ဆိုတာ များ သူသည် တိုင်မပါဘဲနဲ့ ကြခဲ့တယ်ဆိုတဲ့ဥစ္စာ ငါပြောတဲ့ ပုံသာ မင်းတို့မှတ်ထား ဘယ်တော့မှ မယုံနဲ့ (မှန်ပါ့ဘုရား)။

သူသောတာပန်ဆိုလည်း မယုံနဲ့ သကဒါဂါမ် ဆိုရင် ကော (မယုံပါနဲ့) အနာဂါမ်ဆိုရင်ကော . . . (မယုံပါနဲ့) ရဟန္တာဆိုရင်ကော (မယုံပါနဲ့)။ မယုံနဲ့ ပစ္စေကဗုဒ္ဓဆိုရင်ကော (မယုံ ပါနဲ့) ဟာ ဘုရားလို့ပြောရင်ကော (မယုံပါနဲ့) မယုံနဲ့ကွတဲ့ ငါသေသေချာချာမှာခဲ့မယ်တဲ့ သဘောပါပလား (ပါပါပြီ)။

ဒီမှာ ပြဿာပေါင်းတစ်သောင်းကျွတ်သွားတာသည် ဒကာဒကာမတို့ ဘဝကို ဒုက္ခသစ္စာလို့ ဟောလိုက်တာနဲ့ ခန္ဓာကို ဖြစ်ပြီး ပျက်နေတဲ့ဥစ္စာ ဒုက္ခသစ္စာပါပဲကွ။

## ဘဝမလိုချင်တဲ့ဉာဏ်နဲ့ကြည့်ပါ

ဘဝမနှစ်သက်ပါနဲ့ သမုဒယသစ္စာနဲ့ မနှစ်သက်ပါနဲ့ ဘဝမလိုချင်တဲ့ ဉာဏ်နဲ့ကြည့်ပါဆိုတော့ မလိုချင်တဲ့ဉာဏ်က

မဂ်ဉာဏ်ပေါ့ဗျာ အဲဒီဝိပဿနာမဂ်ဉာဏ်နဲ့ ဖြစ်ပျက်ကြည့်ပါလို့ ကိုယ်တော်ကြီးက တူပုန်းရင်း ဟောရှာတာနဲ့ ဖြဟ္မာပေါင်း တစ်သောင်းကျော် ကျွတ်သွားတယ်။

ဘာဟောလိုက်သလဲ (သစ္စာဟောပါတယ်) အဲဒီကခင်ဗျားတို့ ဖြစ်ပျက်ဟာ မူလက အရေးကြီးတယ်ဆိုတာပေါ်လာကြပလား (ပေါ်ပါပြီ)။

သစ္စာဆိုက်တယ်ဆိုတာကော သေချာပလား (သေချာပါပြီ) ရှင်းပြီနော် ရှင်းပါပြီ မာရ်နတ်ကြီးထပြီးပွက်တာကော သိပလား (သိပါပြီ)။

## သစ္စာဟောလို့ နိဗ္ဗာန်ရကြတာ

အရှင်ဘုရား၊ ဘုရားဖြစ်တယ်၊ ဘုရားပီပီ ကိုယ့်ဟာကိုယ် ဖလသမာပတ်တွေ ဝင်စားပြီး နိဗ္ဗာန်အာရုံပြုနေပါဘာပြုလို့ သစ္စာကိုလည် ဟောနေရသတုံးဆိုတော့မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ သစ္စာမဟောလို့ရှိရင် ဘယ်သူမှ နိဗ္ဗာန် မရဘူး၊ ဟောရလိမ့်မယ်ကွာ။

ဘုရားက ခက်ထန်ထန်ပြောရတယ်၊ သူက အတိုက်အခံလာတာကိုး သူကလည်း ခက်ထန်တယ် ဘုရားကလည်း . . . (ခက်ထန်တယ်) ခက်ထန်တာကိုး . . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်အောင်ကြည့်ပါ

သစ္စာဘယ်လောက်အရေးကြီးတယ် ကန့်ကွက်တယ် ဆိုတာ ပေါ်လာကြပလား . . . (ပေါ်လာပါပြီ) ဒါကြောင့် ခင်ဗျားတို့ လုပ်တဲ့အလုပ်ဟာ ထောက်ခံချက်ပေးလိုက်ပါ တယ် ဖြစ်ပျက်အလုပ်သည် မြင်အောင်ကြည့်ပါ။

ပထမသစ္စာမြင်ပါလိမ့်မယ် သစ္စာဟုတ်တယ် မဟုတ် တယ် ကြည့်တဲ့အခါကျတော့ ဒုက္ခသစ္စာဆိုတာ ပရိညာရန့် ပိုင်းခြားရမယ်ဆိုတဲ့အတိုင်း ဒီဒုက္ခသစ္စာကြီး ခင်ဗျားတို့ မလိုချင်တဲ့ဉာဏ်လာပြီးမှ ဩော် သူဖြင့် သူနဲ့မနေချင်ပါဘူး ဆိုတာ လာမှာပေါ့ဗျာ။

သူမှ မပေါင်းဘဲနဲ့ဖြင့် သူနဲ့မနေချင်တဲ့ဉာဏ်ဟာ သူနဲ့ မနေချင်တဲ့သဘောတွေဟာ ရှိနေမှာဘဲ။

## သုံးဉာဏ်ပဲဟောတယ်

ဒါကြောင့် ဘုရားက အနတ္တလက္ခဏာသုတ်မှာ သုံးဉာဏ်ပဲ ဟောတယ်၊ ပဋိသမ္ဘိဒါမဂ်တွေကျတော့ သစ္စဉာဏ် ကိစ္စဉာဏ်တွေ ဟောဒါပေါ့ဗျာ အနတ္တလက္ခဏာ သုတ်တွေကြည့်လိုက်တဲ့အခါကျတော့။

ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ဟုတ်တိုင်းမှန်စွာ ဖြစ်ပျက်သာမြင်ပါစေကွာ။ ဇဝံပဿံ

ဘိက္ခဝေ သုတဝါ အရိယ သာဝကော - အင်း ဝေဒနာရှုရင် ဝေဒနာယပိ နိဗ္ဗိန္ဒတိ - နိဗ္ဗိန္ဒဉာဏ်ဖြစ်အောင် လုပ်လိုက်စမ်းပါ ဟောဘူးလား (ဟောပါတယ်ဘုရား)။ နိဗ္ဗိန္ဒံတော ဝိရဇ္ဇတိ + ဝိရဇ္ဇတိ = မလိုချင်တဲ့ဉာဏ်လာတယ် ဝိရဇ္ဇတီတိ မဂ္ဂေါကွ ဆိုပြီး သစ္စာအနုလောမိကဉာဏ်ရအောင် လုပ်ပါ။

ဆိုတော့ (၁) က သစ္စာအနုလောမိကဉာဏ်ပေါ့ (၂) ကကော (သစ္စာအနုလောမိကဉာဏ်ပါ) (၃) ကျတော့ မဂ်ဉာဏ်ဖြစ်သွားတယ် (မှန်ပါ့ဘုရား)။

## ဒီပြင်ဉာဏ်တွေ ဒီသုံးဉာဏ်ထဲအကုန်ဝင်တယ်

ဖြစ်ပျက်မြင်တာသည် သစ္စာအနုလောမိကဉာဏ်၊ ဖြစ်ပျက်မုန်းတာသည် (သစ္စာအနုလောမိကဉာဏ်) ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ်သည် . . . (မဂ်ဉာဏ်) မဂ်ဉာဏ်ဆိုတော့ တကယ်သစ္စာဖြစ်တယ်။

ဒီဉာဏ်သုံးဉာဏ်နဲ့သာ တက်သွားလို့ရှိရင် ဒီပြင်ဉာဏ်တွေဟာ ဒီကြားထဲကြားခိုပြီး အကုန်ဝင်လာတာပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) လုပ်တတ်ပလား (လုပ်တတ်ပါပြီ)။

ကဲ ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။